မန္တလေး
နေ့စဉ်
The Mandalay Daily
၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၃၃၇)၊ ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်၊ ၆-၁၁-၂၀၂၄၊ ဗုဒ္ဓဟူးနေ့။

## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူး H.E. Mr. Wang Ning နှင့် တွေ့ဆုံဆွေးနွေး

## ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်နိုင်မည့်အခြေအနေများ ဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူး H.E. Mr. Wang Ning နှင့် တွေ့ဆုံဆွေးနွေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၅

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီကော်မတီအတွင်းရေးမှူး H.E. Mr. Wang Ning နှင့် ယနေ့ညနေပိုင်းတွင် ကူမင်းမြို့ရှိ Haigeng Hotel ညှိုခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီကော်မတီ အတွင်းရေးမှူးက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက်တွေ့ဆုံဆွေးနွေးရာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံတရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီကော်မတီ အတွင်းရေးမှူးက

စာမျက်နှာ ၃ သို့ ☆

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် နိုဝင်ဘာ ၅

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းအသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၆ ရက်၊ ဗုဒ္ဓဟူးနေ့။

မန္တလေး နေ့စဉ်

## မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၏ အနှစ်သာရများ စုစည်းနိုင်ရေးဆောင်ရွက်လျက်ရှိ

(၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို တိုင်းရင်းဆေးပညာသင်ကြားရေးဆိုင်ရာ အရည်အသွေး အသိအမှတ်ပြုနိုင်စေရန်၊ တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းဆေးဝါးများ ခေတ်စနစ်နှင့်အညီ ထုတ်လုပ်နိုင်စေရန်၊ အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်စေရန်၊ မြန်မာ့တိုင်းရင်းဆေးပညာ ရိုးရာယဉ်ကျေးမှု အမွေအနှစ်အား လေးစားတန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ ကျင်းပသွားမည်ဖြစ်သည်။

မိမိတို့နိုင်ငံ၏ ရေးဘိုးဘွားစဉ်ဆက် နှစ်ပေါင်းများစွာကရှိခဲ့သော ရိုးရာအမွေအနှစ်ဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို အမျိုးသားယဉ်ကျေးမှုတစ်ရပ်အနေဖြင့် ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရေးကို ယခုညီလာခံနှင့် နီးနှောဖလှယ်ပွဲများမှ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ညီလာခံတွင် အဆိုတင်သွင်းခြင်း၊ ထောက်ခံဆွေးနွေးခြင်းများ ဆောင်ရွက်မည်ဖြစ်သကဲ့သို့ နီးနှောဖလှယ်ပွဲတွင် ဖတ်ကြားမည့် စာတမ်းများသည် ရေးဘိုးစဉ်ဘောင်ဆက် တိုင်းရင်းသားများ၏ ရိုးရာဆေးဝါးများ၊ ကုထုံးများလက်တွေ့တိုင်းရင်းသားများ အသုံးပြုနေသည့် ဆေးဝါးများနှင့် ကုထုံးများ အဓိကပါဝင်ရန် လိုအပ်သည့်အပြင် နိုင်ငံတကာသုံး ရိုးရာတိုင်းရင်းဆေးဝါးများနှင့်လည်း နှိုင်းယှဉ်၍ အားသာချက်၊ အားနည်းချက်များကို ပြုစုကြရန်လိုကြောင်း၊ ထို့ပြင် အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် အထူးမှာကြားလိုကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက နိုဝင်ဘာ ၄ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် (၂၃)ကြိမ်မြောက် မြန်မာ့ တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နီးနှောဖလှယ်ပွဲကျင်းပရေးဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေး၌ ပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက ဆက်လက်ပြောကြားရာတွင် ညီလာခံနှင့် နီးနှောဖလှယ်ပွဲဆောင်ရွက်ချက်မှတ်တမ်းများကို ယခင်နှစ်များနည်းတူ စနစ်တကျပြုစုပြီး မျိုးဆက်သစ် နောင်လာနောက်သားများအတွက် လက်ဆင့်ကမ်း အသုံးပြုနိုင်ရန် မှတ်တမ်းတင်ထားရှိရန် မှာကြားလိုကြောင်း၊ ထိုသို့မှတ်တမ်းတင်ရာတွင် မှတ်တမ်းထားရှိထိန်းသိမ်းမှု၌ မှတ်တမ်းများ မပျက်မစီးဘဲ သားစဉ်မြေးဆက် အသုံးချနိုင်ရေး မူရင်းစာတမ်းများကို စနစ်တကျ ထိန်းသိမ်းရန်လိုအပ်သကဲ့သို့ (I.T) ခေတ်ဖြစ်၍လည်း မူရင်းစာတမ်းမှ အချက်အလက်များကို စုစည်း၍ Data Base တစ်ခုတည်ဆောက်ပြီး ဝန်ကြီးဌာန၏ Website များ၊ Sever များတွင် ထိန်းသိမ်းရန် လိုအပ်ကြောင်း၊ ထို့ပြင် စာတမ်းပါဆေးဝါးများနှင့်ပတ်သက်၍ အများပြည်သူများ အလွယ်တကူ သောက်သုံးနိုင်ရေးကိုလည်း တီထွင်ကြံဆထုတ်လုပ်ရမည်ဖြစ်သကဲ့သို့ ထုတ်လုပ်ပြီး တိုင်းရင်းဆေးဝါးများကိုလည်း မူပိုင်ခွင့်အရ မှတ်ပုံတင်ထားရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ အာဆီယံ၊ ဘင်း(မ်)စတက်၊ မဲခေါင် အစရှိသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် တိုင်းရင်းဆေးပညာ ကဏ္ဍများတွင် အတူပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ မြန်မာ့တိုင်းရင်းဆေးပညာနှင့်ဆေးဝါးများ အရည်အသွေးပြည့်ဝစွာ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာသို့ ထိုးဖောက်နိုင်မည့် မြန်မာ့တိုင်းရင်းဆေးစွမ်းကောင်းများ ပေါ်ထွန်းလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ တိုင်းရင်းဆေးကုထုံးများ၊ တန်ဖိုးမဖြတ်နိုင်သည့် သမိုင်းအစဉ်အလာ ကြီးမားသည့် ဆေးကျမ်းများနှင့် အာနိသင်ထက်မြက်သည့် ဆေးဝါးများစသည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၏ အနှစ်သာရ အဆီအနှစ်များကို စုစည်းပြီး အမျိုးသားအမွေအနှစ် ဆေးပညာရပ်တစ်ရပ်အဖြစ် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## (၃၆)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ် စုပေါင်းသန့်ရှင်းရေးနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ



**အမရပူရ နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့၊ ကွမ်းသီးတန်းရပ်ကွက်ရှိ သမိုင်းဝင် ရွှေဂူကြီးဘုရားဝင်းအတွင်း ယနေ့နံနက် ၉ နာရီက နိုဝင်ဘာ ၇ ရက်နေ့တွင် ရောက်ရှိမည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ဆက်လက်၍ မွန်းလွဲ ၁ နာရီတွင် ပင့်သံဃာတော် ၃၆ ပါး ပင့်ဖိတ်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိရာ စုပေါင်းရုံး၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပသည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ အမရပူရခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဥက္ကဋ္ဌ ဦးကျော်ငြိမ်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးညွန့်ဦးနှင့် အဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များတက်ရောက်ကြပြီး ပင့်သံဃာများအား ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

**စိုးသီဟ(အမရ)**

၀-၀-၀-၀-၀

## ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သူများအား ဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပ



**မန္တလေး နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း ဇေယီဒါခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေ၊ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး စိန်ယု၊ အဖွဲ့ဝင်များဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးသိန်းအောင်ထွေး၊ ဦးသန်းထွန်းအောင်၊ ဦးတင်မောင်ဝင်း၊ ခရိုင်ပညာရေးမှူး ဒေါ်မြင့်မြင့်သိန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သန်းဇော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်သီတာဌေးနှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

အစီအစဉ်အရ အထက(၈) ကျောင်းမှ Grade-9 ကျောင်းသူလေးများက "ဘက်စုံပညာကိုရည် တို့လှမ်းချီ" သီချင်းဖြင့် ဖျော်ဖြေကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆွေက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ထူးချွန်စွာ အောင်မြင်သည့် ကျောင်းသား၊ကျောင်းသူများအား ဆုချီးမြှင့်ကြပြီး ထူးချွန်စွာအောင်မြင်သူများကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် အထက(၈) ကျောင်းမှ Grade-9 ကျောင်းသူလေးများက "ပြည်မြန်မာသီချင်း" ဖြင့် ဖျော်ဖြေကြသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြေသာစံခရိုင်အနေဖြင့် ခြောက်ဘာသာ သုံးဦး၊ ငါးဘာသာ ၁၂ ဦး၊ လေးဘာသာ ၁၈ ဦး၊ သုံးဘာသာ ၁၆ ဦး၊ နှစ်ဘာသာ ၂၅ ဦး၊ တစ်ဘာသာ ၆၉ ဦး ဖြင့် စုစုပေါင်း ၁၄၃ ဦး ထူးချွန်စွာ အောင်မြင်ခဲ့ပြီး မြို့နယ်အလိုက်အနေဖြင့် အောင်မြေသာစံမြို့နယ်တွင် ခြောက်ဘာသာ နှစ်ဦး၊ ငါးဘာသာ တစ်ဦး၊ လေးဘာသာ ၁၃ ဦး၊ သုံးဘာသာ ကိုးဦး၊ နှစ်ဘာသာ ကိုးဦး၊ တစ်ဘာသာ ၄၄ ဦးဖြင့် စုစုပေါင်း ၇၈ ဦး၊ ပုသိမ်ကြီးမြို့နယ်တွင် ခြောက်ဘာသာ တစ်ဦး၊ ငါးဘာသာ ၁၁ ဦး၊ လေးဘာသာ ငါးဦး၊ သုံးဘာသာ လေးဦး၊ နှစ်ဘာသာ ၁၁ ဦး၊ တစ်ဘာသာ ၁၆ ဦးဖြင့် စုစုပေါင်း ၄၈ ဦး၊ မတ္တရာမြို့နယ်တွင် သုံးဘာသာ သုံးဦး၊ နှစ်ဘာသာ ငါးဦး၊ တစ်ဘာသာ ကိုးဦးဖြင့် စုစုပေါင်း ၁၇ ဦး ထူးချွန်စွာ အောင်မြင်ခဲ့ကြကြောင်း သိရသည်။

(၀၉၃)

**နယ်သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @ gmail. com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူး H.E. Mr. Wang Ning နှင့် တွေ့ဆုံဆွေးနွေးစဉ်။

☆ ရှေ့ဖုံးမှ

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ယူနန်ပြည်နယ်မှ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုအပ်ပါကြောင်း ဦးစွာပြောကြားပြီး ယူနန်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိစေရေး ဆောင်ရွက်လျက်ရှိမှု၊ တရုတ်နိုင်ငံ ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံအကြား သံတမန်ရေးအရ၊ စီးပွားရေးအရ ကူးလူးဆက်ဆံ ဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံအကြား အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်၍ နယ်ပယ်အလိုက် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံဖြတ်ကျော် မှုခင်းတိုက်ဖျက်မှုများကိုအတူတကွပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံ သဘောတူညီပြီးဖြစ်သည့် စီမံကိန်းလုပ်ငန်းများ အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုတို့ကို ဆွေးနွေးပြောကြားသည်။

## အိမ်နီးချင်းကောင်း နိုင်ငံများဖြစ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ မိမိတို့ကိုယ်စားလှယ်အဖွဲ့အား ယူနန်ပြည်နယ်မှ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုခဲ့ပြီး ဧည့်ဝတ်ကျေပွန်မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံသည် သံတမန်ဆက်ဆံမှု (၇၅) နှစ် စိန်ရတုကာလသို့ မကြာမီရောက်ရှိတော့မည်ဖြစ်ပြီး နှစ်နိုင်ငံအကြားနက်ရှိုင်းသည့် ဆက်ဆံရေးကောင်းများရှိကာ အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်ကြောင်း ပြောကြားပြီး နှစ်နိုင်ငံအကြား ခွဲခြား၍မရသည့် ဆက်ဆံရေးကောင်းကို ပိုင်ဆိုင်ထားပြီးဖြစ်သကဲ့သို့ ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံသည်လည်း ခွဲခြား၍မရနိုင်ဘဲ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့် ဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်အကြား နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ရေးအတွက် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးကို အလေးထားဆောင်ရွက်သွားရန်လိုအပ်မှု၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းမှုသာလျှင် သွင်းကုန်၊ ပို့ကုန်ကဏ္ဍကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ပြီး စီးပွားရေးအရ ကူးလူးဆက်သွယ်မှုကို ပိုမိုအကောင်အထည်ဖော်နိုင်မည်ဖြစ်သဖြင့် နှစ်နိုင်ငံအကြား နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးကို အတူတကွပူးပေါင်း၍ အရှိန်မြှင့်တင် ဆောင်ရွက်သွားရန်လိုအပ်မှု၊ ကမ္ဘာတစ်ဝန်း၌ တိုးတက်လာသည့် လူဦးရေနှင့်အတူ ကြုံတွေ့လာရသည့် စားရေရိက္ခာလိုအပ်ချက်အား မြန်မာနိုင်ငံအနေဖြင့် ဖြည့်ဆည်းပေးနိုင်မည့် အရင်းအမြစ်ကောင်းများစွာ ပိုင်ဆိုင်ထားသည့်အတွက် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများတွင် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်နိုင်မှု၊ စိုက်ပျိုးမွေးမြူရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲ သစ်တောထွက်သယံဇာတများကို အခြေခံသည့် စက်မှုလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လိုမှု၊ ထို့ပြင် ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုတို့ အပါအဝင် အခြားသောကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားရန် မြန်မာနိုင်ငံဘက်မှ အသင့်ရှိသည့် အခြေအနေများနှင့် နှစ်ဖက် ကူးလူးဆက်ဆံသွားလာရေးတွင် လုံခြုံချောမွေ့ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ပြန်လည် ဆွေးနွေးပြောကြားသည်။

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူး H.E. Mr. Wang Ning တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

❖ ကမ္ဘာတစ်ဝန်း၌ တိုးတက်လာသည့် လူဦးရေနှင့်အတူ ကြုံတွေ့လာရသည့် စားရေရိက္ခာ လိုအပ်ချက်အား မြန်မာနိုင်ငံအနေဖြင့် ဖြည့်ဆည်းပေးနိုင်မည့် အရင်းအမြစ်ကောင်းများစွာ ပိုင်ဆိုင်ထားသည့်အတွက် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မှု၊ စိုက်ပျိုးမွေးမြူရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲ သစ်တောထွက်သယံဇာတများကို အခြေခံသည့် စက်မှုလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင်ကျင်းပပြုလုပ်မည့် ထိပ်သီးအစည်းအဝေးများသို့တက်ရောက်ရန် ထွက်ခွာ



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံရုံး ဒုတိယအကြီးအကဲနှင့် တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

နေပြည်တော် နိုဝင်ဘာ ၅

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး (8th Greater Mekong Subregion (GMS) Summit)၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား- မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေး (10th Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS)Summit) နှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေး (11th Cambodia-Lao PDR-Myanmar-Vietnam (CLMV) Summit) တို့သို့ တက်ရောက်ရန်အတွက် ယနေ့ နံနက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း (MAI) မှ အထူးလေယာဉ်ဖြင့် နေပြည်တော် တပ်မတော်လေဆိပ်မှ ထွက်ခွာသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အားကောင်စီဒုတိယဥက္ကဋ္ဌဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူးနှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံရုံးဒုတိယအကြီးအကဲနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။

အဆိုပါခရီးစဉ်အတွင်း ထိပ်သီးအစည်းအဝေးများသို့တက်ရောက်ခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ အထင်ကရနေရာများ၊ တက္ကသိုလ်များနှင့် စက်ရုံ၊ အလုပ်ရုံများသို့ လေ့လာသွားကြမည် ဖြစ်ကြောင်းနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည်လည်း သက်ဆိုင်ရာကဏ္ဍများအလိုက် အလုပ်သဘောဆိုင်ရာ တွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ဒေသစံတော်ချိန်နံနက်ပိုင်းတွင် ရောက်ရှိကြရာ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ဇော်ဇော်နိုင်၊ တရုတ်ကွန်မြူနစ်ပါတီ၊ အမြဲတမ်းကော်မတီအဖွဲ့ဝင် Mr. Yang Yalin နှင့် တာဝန်ရှိသူများ၊ တရုတ်ရိုးရာယဉ်ကျေးမှုအဖွဲ့များက ပန်းစည်းကမ်းခြင်း၊ နှစ်နိုင်ငံအလံများ ဇွေ့ယမ်း၍ ရိုးရာယဉ်ကျေးမှုအကအလှများ ကပြခြင်းတို့ဖြင့် သောင်းသောင်းဖြဖြ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia နှင့် တာဝန်ရှိသူများ၊ တရုတ်ရိုးရာယဉ်ကျေးမှုအဖွဲ့များက သောင်းသောင်းဖြဖြ လှိုက်လှဲနွေးထွေးစွာကြိုဆိုကြစဉ်။

---

☆ စာမျက်နှာ ၃ မှ

ထို့နောက် မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်အကြား စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ လူသားအရင်းအမြစ် လေ့ကျင့်မွေးထုတ်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များအား တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီ ကော်မတီအတွင်းရေးမှူးက တည်ခင်းဧည့်ခံသည့် ညစာကို အတူတကွသုံးဆောင်ကြစဉ်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင်လိုက်ပါလာကြသည့် အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီ ကော်မတီ အတွင်းရေးမှူးနှင့်အတူ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် အမြဲတမ်းကော်မတီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီ ကော်မတီအတွင်းရေးမှူးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ခရီးစဉ်တွင် လိုက်ပါလာကြသည့် အဖွဲ့ဝင်များသည် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီ ကော်မတီအတွင်းရေးမှူးက တည်ခင်းဧည့်ခံသည့် ညစာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်-မြန်မာ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

# တရုတ်-မြန်မာ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြား

## နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ၏ ဆက်နွှယ်မှုသည် မိမိတို့သွားလိုသည့်အနာဂတ်ကို လျှောက်လှမ်းနိုင်ရန် မဟာဗျူဟာကျသည့် မောင်းနှင်အားတစ်ရပ်ပင်ဖြစ်

နေပြည်တော် နိုဝင်ဘာ ၅

တရုတ်-မြန်မာ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ HUALUXE Kunming Hotel ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာကြသည့် အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့်ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### နှစ်နိုင်ငံနှင့်နှစ်နိုင်ငံပြည်သူများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ၏ဆက်နွှယ်မှုသည် မိမိတို့သွားလိုသည့် အနာဂတ်ကို လျှောက်လှမ်းနိုင်ရန် မဟာဗျူဟာကျသည့် မောင်းနှင်အားတစ်ရပ်ပင်ဖြစ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ မိမိအနေဖြင့် ယခုလိုပြောကြားခွင့်ရသည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း၊ တရုတ်-မြန်မာနှစ်နိုင်ငံ၏ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုသည် မကြာခင်ကာလတွင် စိန်ရတုမှတ်တိုင်သို့ ရောက်ရှိတော့မည်ဖြစ်ကြောင်း၊ ယနေ့အချိန်တွင် တရုတ်-မြန်မာနှစ်နိုင်ငံ ပြည်သူများအကြား၊ စီးပွားရေးလုပ်ငန်းများအကြား၊ အစိုးရဌာနများအကြား ကောင်းမွန်သည့်ဆက်ဆံရေးများကို လက်တွေ့ဖော်ဆောင်ရင်း အပြန်အလှန်ယုံကြည်မှုများ ပိုမိုတိုးတက် ခိုင်မြဲလာသည်ကို တွေ့ရကြောင်း၊ အထူးသဖြင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများဖြစ်သည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ၏ ဆက်နွှယ်မှုကလည်း မိမိတို့သွားလိုသည့် အနာဂတ်ကို လျှောက်လှမ်းနိုင်ရန် မဟာဗျူဟာကျသည့် မောင်းနှင်အားတစ်ရပ်ကို ဖြစ်စေကြောင်း။

> ☆ **တရုတ်နိုင်ငံအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် အဆင့်မြင့်နည်းပညာများနှင့် ဇီဝနည်းပညာသုံး စိုက်ပျိုးနည်းစနစ်ကို အောင်မြင်စွာ အသုံးပြုနေသည်ကို လေ့လာတွေ့ရှိရ**
>
> ☆ **ရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် နည်းပညာလွှဲပြောင်းရယူရေး၊ ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးရေးထုတ်ကုန်များ စိုက်ပျိုးထုတ်လုပ်ရေးနှင့် အစားအစာဘေးကင်းလုံခြုံမှုရှိပြီး ဂေဟစနစ်ကို ရေရှည်ထိန်းသိမ်းထားနိုင်သည့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး မိမိတို့၏မိတ်ဖက် စီးပွားရေးလုပ်ငန်းရှင်များနှင့် ယခုထက်ပိုပြီး ပူးပေါင်းဆောင်ရွက်သွားရန် ဖိတ်ခေါ်လို**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ သဘာဝအရတည်ရှိနေသည့် တည်နေရာကြောင့် ကမ္ဘာ့လူဦးရေအများဆုံး တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား ကြီးမားသည့်ဈေးကွက်နှင့် လျင်မြန်စွာတိုးတက်နေသော အာဆီယံဒေသတွင်း၏ အချက်အချာကျသည့်နေရာတွင်ရှိနေကြောင်း။

ယင်းနှင့်ဆက်စပ်ပြီး ပြောရမည်ဆိုပါက မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်း ကောင်းစွာဆောင်ရွက်နိုင်သည့် ရာသီဥတုနှင့် မြေအကျယ်အဝန်း ရှိပါကြောင်း၊ အရှေ့တောင်အာရှဒေသတွင် လယ်ယာမြေ ဟက်တာ ၆၅ သန်းကျော်ရှိပြီး လယ်ယာမြေအများဆုံးပိုင်ဆိုင်သည့်နိုင်ငံဖြစ်ကြောင်း၊ သို့သော်လည်း မိမိတို့အနေဖြင့် စိုက်ပျိုးမြေ၏ ၂၀ ရာခိုင်နှုန်းခန့်သာ စိုက်ပျိုးနိုင်ပါသေးကြောင်း၊ ယင်းသည် မြေဆီဩဇာကြွယ်ဝကောင်းမွန်ပြီး ဓာတုပစ္စည်းများ သက်ရောက်မှုမရှိသေးသည့် စိုက်ပျိုးမြေနေရာများစွာကို ရင်းနှီးမြှုပ်နှံလိုသူများအတွက် အခွင့်အလမ်းကောင်းများပင်ဖြစ်ကြောင်း၊ အလားတူ စိုက်ပျိုးရေးကို အခြေခံသည့် မွေးမြူရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြရန် အခွင့်အလမ်းများလည်းရှိကြောင်း။

တရုတ်နိုင်ငံအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် အဆင့်မြင့်နည်းပညာများနှင့် ဇီဝနည်းပညာသုံး စိုက်ပျိုးနည်းစနစ်ကို အောင်မြင်စွာအသုံးပြုနေသည်ကို လေ့လာတွေ့ရှိရကြောင်း၊ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် နည်းပညာလွှဲပြောင်းရယူရေး၊ ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးရေးထုတ်ကုန်များ စိုက်ပျိုးထုတ်လုပ်ရေးနှင့် အစားအစာ ဘေးကင်းလုံခြုံမှုရှိပြီး ဂေဟစနစ်ကို ရေရှည်ထိန်းသိမ်းထားနိုင်သည့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး မိမိတို့၏ မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များနှင့် ယခုထက်ပိုပြီး ပူးပေါင်းဆောင်ရွက်သွားရန် ဖိတ်ခေါ်လိုကြောင်း။

မိမိအနေဖြင့် မြန်မာနိုင်ငံ၏ ရှိရင်းစွဲသဘာဝက ပေးသည့် စိုက်ပျိုးမွေးမြူရေး အခြေခံကောင်းများကို အသုံးချပြီး ကမ္ဘာပေါ်တွင် စားနပ်ရိက္ခာ အဓိကထုတ်လုပ်နိုင်သည့်နိုင်ငံဖြစ်စေရေး ဆောင်ရွက်နေကြောင်း၊ မိမိတို့နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းထုတ်ကုန်များ တိုးတက်မြင့်မားလာစေရန်အတွက် စိုက်ပျိုးရေးနည်းစနစ်များနှင့်အတူ အခြေခံလိုအပ်ချက်ဖြစ်သည့် ဓာတ်မြေဩဇာထုတ်လုပ်ရေး၊ သဘာဝမြေဩဇာထုတ်လုပ်ရေး၊ အပင်အားဆေးနှင့် ပိုးသတ်ဆေးလိုအပ်ချက်များလည်း ရှိနေပါကြောင်း၊ ယင်းကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရန် ဆက်သွယ်ဆောင်ရွက်နေသည့် ကုမ္ပဏီအဖွဲ့အစည်းများလည်း ရှိကြောင်း၊ ပိုမိုတိုးတက်လုပ်ဆောင်နိုင်ရန် မိမိတို့အနေဖြင့်လည်း လိုအပ်သည်များကို ကူညီပေးရန် အသင့်ရှိကြောင်း၊ စက်မှုလယ်ယာကဏ္ဍကို အရှိန်အဟုန်မြှင့်တင်နိုင်မည့် ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ခြွေလှေ့ခြင်း၊ သိုလှောင်ခြင်းတို့အတွက် ခေတ်မီစက်ကိရိယာများ၊ သိုလှောင်ရုံများ ရင်းနှီးမြှုပ်နှံနိုင်ရန် ဖိတ်ခေါ်လိုကြောင်း။

လက်ရှိဆောင်ရွက်နေသည့် ကြက်၊ ဝက်၊ နွား မွေးမြူရေးလုပ်ငန်းများတွင် ခေတ်မီနည်းစနစ်များဖြင့် မွေးမြူပြီး အေးခဲအသားထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ အနောက်ဘက်အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတို့သည် လူဦးရေများပြားသည့် နိုင်ငံများဖြစ်ပြီး စားနပ်ရိက္ခာ ဈေးကွက်ကြီးမားလှကြောင်း၊ စိုက်ပျိုးရေးကဏ္ဍကို စက်မှုလယ်ယာအဖြစ် မြှင့်တင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများမှ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ရည်ရွယ်ထားကြောင်း၊ ထို့ကြောင့် ပြည်ပရင်းနှီးမြှုပ်နှံသူများအနေဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံပြီး စီးပွားရေး လုပ်ကိုင်ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေရန် သီးခြားကူညီထောက်ပံ့မှုများ ပံ့ပိုးပေးလျက်ရှိသည်ကို အလေးထား ပြောကြားလိုကြောင်း။

စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အပြင် အခြေခံစက်မှုကုန်ကြမ်းသီးနှံများဖြစ်သည့် ဝါနှင့် ရော်ဘာ စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း တိုးချဲ့ဆောင်ရွက်နေကြောင်း၊ ဝါမှတစ်ဆင့် ချည်မျှင်၊ ၎င်းမှအထည်အလိပ်များ ထုတ်လုပ်နိုင်ရန်အထိ ရည်ရွယ်ချက်ထားလုပ်ဆောင်နေခြင်းဖြစ်ပြီး ဝါစိုက်ပျိုးနိုင်သည့် မြေနေရာများစွာရှိကြောင်း၊ ရော်ဘာစိုက်ပျိုးရေးနှင့် စပ်လျဉ်း၍ ကာလတို၊ ကာလရှည် စီမံကိန်းများ ရေးဆွဲပြီး အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နေကြောင်း၊ ရော်ဘာကုန်ကြမ်းမှ ဖိနပ်၊ ရော်ဘာလက်အိတ်နှင့် တာယာအမျိုးမျိုးတို့ကို ထုတ်လုပ်နိုင်ရေးရည်ရွယ်ထားကြောင်း၊ မိမိအနေဖြင့် သစ်အခြေခံ ပရိဘောဂလုပ်ငန်းများ၊ သစ်ပါးလွှာ၊ အထပ်သား၊ သစ်ကြိတ်သား၊ သစ်ခွဲသားထုတ်လုပ်ခြင်းလုပ်ငန်းများအပြင် အဆင့်မြင့်ချည်ထုတ်လုပ်ခြင်း၊ အဆင့်မြင့်ရော်ဘာထုတ်လုပ်ခြင်း၊ ရော်ဘာအခြေခံ ပရိဘောဂပစ္စည်းများထုတ်လုပ်ခြင်း လုပ်ငန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်လာအောင် အားပေးဆောင်ရွက်လျက်ရှိသည်ကို သတင်းကောင်းပါးလိုကြောင်း။

စာမျက်နှာ ၆ သို့ ➔



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာကံဇော်
ဆွေးနွေးပြောကြားစဉ်။



ပြည်ထောင်စုဝန်ကြီး
ဦးကိုကိုလွင်
ဆွေးနွေးပြောကြားစဉ်။









မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များနှင့် လိုအပ်ချက်များကိုဆွေးနွေးပြောကြားစဉ်။

○ စာမျက်နှာ ၅ မှ

မြန်မာနိုင်ငံ၏ ဒေသအများစုတွင် ဝါးနှင့်ကြိမ်တို့ ပေါက်ရောက်ကြောင်း၊ ယင်း ဝါးနှင့်ကြိမ်ကုန်ကြမ်းမှ တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ပရိဘောဂနှင့် အသုံးအဆောင်ပစ္စည်းများထုတ်လုပ်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်တွင် ယခုထက်ပိုပြီး ဖြန့်ချိနိုင်ရန် လိုအပ်နေကြောင်း၊ ထိုသို့ နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးမူဝါဒနှင့်အညီ ဖြစ်ပေါ်လာသည့် ပုဂ္ဂလိကသစ်အခြေခံစက်မှုလုပ်ငန်းများကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်နေသည့်နည်းပညာနှင့် ဈေးကွက်ဆိုင်ရာသတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဦးတည်ချက်ထား ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် လိုအပ်သည့် ဘိလပ်မြေများကို ပြည်တွင်းတွင် လုံလောက်အောင် မထုတ်လုပ်နိုင်သေးသည့်အတွက် ဘိလပ်မြေထုတ်လုပ်ရေးကဏ္ဍကလည်း အခွင့်အလမ်းများစွာရှိနေကြောင်း၊ မြန်မာနိုင်ငံတွင် ဘိလပ်မြေထုတ်လုပ်ရန် အခြေခံကုန်ကြမ်းများဖြစ်သည့် ထုံးကျောက်၊ ဂျစ်ပဆန်နှင့် ဂေါ်ဒန်ကျောက်များ ပေါကြွယ်ဝကြောင်း၊ ထို့ပြင် နေ့စဉ်မဖြစ်မနေအသုံးပြုနေရသည့် လျှပ်စစ်ဓာတ်အားအတွက်လည်း တရုတ်နိုင်ငံတွင် အောင်မြင်ပြီးဖြစ်သည့် ဆိုလာစနစ်သုံး လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းများ၊ ရေအားလျှပ်စစ်လုပ်ငန်းများကို လာရောက်ရင်းနှီးလုပ်ကိုင်စေလိုကြောင်း၊ တရုတ်နိုင်ငံသည် လျှပ်စစ်ကားကဏ္ဍတွင် ကမ္ဘာ့ဦးဆောင်နေရာကို ရရှိပြီးဖြစ်သောကြောင့် လျှပ်စစ်ကားလုပ်ငန်းကိုလည်း မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်လိုကြောင်း။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ဓာတ်မြေသြဇာ ထုတ်လုပ်ခြင်း၊ အများပြည်သူသယ်ယူပို့ဆောင်ရေးလျှပ်စစ်သုံးယာဉ် ထုတ်လုပ်ခြင်း၊ ဘိလပ်မြေထုတ်လုပ်ခြင်း၊ သံမဏိထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်ခြင်း၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများထုတ်လုပ်ခြင်းနှင့် စားသုံးဆီထုတ်လုပ်ခြင်းစသည့် ကဏ္ဍများတွင် မိမိတို့၏ မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များ လာရောက်လုပ်ကိုင်ပါက ဦးစားပေးပြီး ဝန်ဆောင်မှုများ အထူးပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ၁၉၈၈ ခုနှစ်မှ ၂၀၂၄ ခုနှစ် စက်တင်ဘာလအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် ကဏ္ဍ ၁၂ ခုတွင် အမေရိကန်ဒေါ်လာ ၉၃ ဒသမ ၃၈ ဘီလီယံရှိခဲ့ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများကို သုံးသပ်ကြည့်သည့်အခါ စိုက်ပျိုးရေးကဏ္ဍတွင် သုည ဒသမ ၄၈ ရာခိုင်နှုန်းနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် ၁ ဒသမ ၀၄ ရာခိုင်နှုန်းရှိသည်ကိုတွေ့ရကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၁၈ သန်းကျော်နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၁၀၅ သန်းကျော် ရင်းနှီးမြှုပ်နှံထားကြောင်း၊ လူကြီးမင်းတို့အနေဖြင့် မိမိတို့နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် အောင်မြင်နိုင်သည့် အခွင့်အလမ်းများကို ဖမ်းဆုပ်နိုင်ရန်အတွက် အခုထက်ပိုမိုပြီး ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်လိုကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ ကုန်သွယ်မှုသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သွင်းကုန်/ပို့ကုန် စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၈၀၀၀ ကျော် ရှိသောကြောင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုသည် ခိုင်မာအားကောင်းနေသည်ကို ပေါ်လွင်နေကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြားတွင် နယ်နိမိတ်ချင်း ထိစပ်ရပ်တည်နေသောကြောင့် စားရေရိက္ခာ၊ အခြားကုန်ပစ္စည်းများနှင့် ပတ်သက်ပြီး အဆင့်မီတိုးမြှင့်ထုတ်လုပ်ရန် အခွင့်အလမ်းရှိသည့်နိုင်ငံဖြစ်ကြောင်း။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေသည်မှာ ဆန်၊ ပဲမျိုးစုံနှင့် နှမ်း စသည့် စိုက်ပျိုးရေးထွက်ကုန်များ၊ ကျွန်း၊ သစ်မာ ကုန်ကြမ်းများနှင့် သစ်အခြေခံ အချောထည်ထုတ်ကုန်များဖြစ်ကြောင်း၊ မိမိအနေဖြင့် ယခုလို ပို့ကုန်များကို တန်ဖိုးမြင့်သစ်အခြေခံထုတ်ကုန်များ (Value-added Wood-based Products) အဖြစ် ထုတ်လုပ်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်များကို ဖြန့်ဖြူးတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို ယခုထက်မက တိုးမြှင့်သွားလိုကြောင်း၊ ယင်းအတွက်လည်း မိမိတို့၏ မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များအတွက် အကျိုးခံစားခွင့်များနှင့် အခွန်ကင်းလွတ်သက်သာခွင့်များကို သိသာစွာပံ့ပိုးပေးထားကြောင်း။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ အခြေခံအဆောက်အအုံကဏ္ဍများနှင့် စပ်လျဉ်းပြီး မြန်မာနိုင်ငံသည် တောင်အာရှ၊ အရှေ့တောင်အာရှနှင့် တရုတ်နိုင်ငံတို့ ဆုံရာနေရာ၌ အချက်အချာကျကျ တည်ရှိသောကြောင့် လမ်းပန်းဆက်သွယ်မှု လမ်းဆုံနေရာတွင် ရှိကြောင်း၊ ထို့ပြင် တရုတ်နိုင်ငံအတွက် အိန္ဒိယသမုဒ္ဒရာထွက်ပေါက်ကို ဖန်တီးပေးနိုင်မည့် နိုင်ငံဖြစ်ကြောင်း၊ မြန်မာ့လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့် အခြေခံအဆောက်အအုံကဏ္ဍသည်လည်း လူကြီးမင်းတို့အတွက် အလားအလာကောင်းများရှိသည့်အတွက် အသိပေးလိုကြောင်း။

ဒေသတွင်းဆောင်ရွက်ချက်များကို ပြောရမည်ဆိုပါက မြန်မာနိုင်ငံက ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု(RCEP) သဘောတူစာချုပ်ကို အတည်ပြုခဲ့သည့် ပထမဆုံးနိုင်ငံများထဲတွင် ပါဝင်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံကို RCEP သဘောတူစာချုပ်တွင် ၂၀၂၂ ခုနှစ် မေလ ၁ ရက်မှစပြီး အသက်ဝင်ခဲ့ကြောင်းကို အတည်ပြုပေးခဲ့ကြောင်း၊ တစ်ဖက်တွင်လည်း RCEP သဘောတူစာချုပ်အရ RCEP ဖောင်ပုံစံများနှင့် ဆက်စပ်အာမခံချက်စာရွက်စာတမ်းများကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁ ရက်မှစတင်ပြီး ထုတ်ပေးလျက်ရှိကြောင်း၊ လူကြီးမင်းတို့အနေဖြင့် စီးပွားရေးအရ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများရရှိခံစားနိုင်မည်ဖြစ်ကြောင်း၊ RCEP သဘောတူစာချုပ်အပြင် တရုတ်နိုင်ငံနှင့် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်၊ အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသဆိုင်ရာသဘောတူစာချုပ်(ACFTA)နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပါ အကာအကွယ်ပေးရေးနှင့် လွယ်ကူချောမွေ့စေရေး အစီအမံများကြောင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို ခိုင်ခိုင်မာမာနှင့် တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

> ☆ မိမိတို့နှစ်နိုင်ငံ၏ ကုန်သွယ်မှုသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သွင်းကုန်/ပို့ကုန် စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၈၀၀၀ ကျော် ရှိသောကြောင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုသည် ခိုင်မာအားကောင်းနေသည်ကို ပေါ်လွင်နေ
>
> ☆ မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြားတွင် နယ်နိမိတ်ချင်း ထိစပ်ရပ်တည်နေသောကြောင့် စားရေရိက္ခာ၊ အခြားကုန်ပစ္စည်းများနှင့် ပတ်သက်ပြီး အဆင့်မီတိုးမြှင့်ထုတ်လုပ်ရန် အခွင့်အလမ်းရှိသည့် နိုင်ငံဖြစ်

ဆက်လက်ပြီး မိမိတို့၏မိတ်ဖက် တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံ၌ လုပ်ငန်းလည်ပတ်လုပ်ဆောင်ရာတွင် လွယ်ကူချောမွေ့စေရန် မိမိတို့၏ ဆောင်ရွက်ချက်အချို့ကို ထပ်မံမျှဝေလိုကြောင်း၊ ကုန်သွယ်မှု၊ နယ်စပ်ငွေလွှဲပြောင်းပေးချေမှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရာတွင် ယွမ်-ကျပ် တိုက်ရိုက်ငွေ ပေးချေမှုစနစ်ကို အကောင်အထည်ဖော်လျက်ရှိကြောင်း၊ သို့ဖြစ်၍ ယွမ်နှင့် ရင်းနှီးမြှုပ်နှံမှုများ အပြည့်အဝပြုလုပ်နိုင်ကြောင်း။

တရုတ်နိုင်ငံက ဦးစီးဆောင်ရွက်နေသည့် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ်(Global Development Initiatives-GDI)တွင် ပါဝင်သည့် ဦးစားပေးနယ်ပယ်ရှစ်ခုတွင်လည်း မြန်မာနိုင်ငံနှင့်ကိုက်ညီသည့် ကဏ္ဍများစွာ ပါဝင်နေသောကြောင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန် အခွင့်အလမ်းများပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအရ တီထွင်ဆန်းသစ်မှုမှတစ်ဆင့် ကုန်ထုတ်လုပ်မှုစွမ်းအားနှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းအားတို့ကို အဓိကမြှင့်တင်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် တက်ရောက်လာသည့် လူကြီးမင်းတို့အနေဖြင့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးမှုနှင့်နည်းပညာဖြန့်ဖြူးခြင်းပိုင်းတွင် ဝင်ရောက်လက်တွဲလုပ်ကိုင်ကြရန်လည်း အလေးထားဖိတ်ခေါ်လိုကြောင်း။

မိမိတို့ တရုတ်-မြန်မာ နှစ်နိုင်ငံနယ်စပ်တွင် ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများနှင့် ပတ်သက်ပြီး အနည်းငယ်ပြောကြားလိုကြောင်း၊ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးကမ်းလှမ်းချက်များနှင့် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်မှုများကို မျက်ကွယ်ပြုပြီး နယ်စပ်ဒေသတည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့ကြောင်း၊ တရုတ်နိုင်ငံက မြန်မာနိုင်ငံအပေါ် အထင်အမြင်လွဲမှားအောင် နည်းမျိုးစုံဖြင့် ပြုလုပ်ပြီး နိုင်ငံရေးအရ၊ စစ်ရေးအရ အမြတ်ထွက်အောင် ဆောင်ရွက်ခဲ့ကြောင်း၊ နယ်စပ်ဒေသများတွင် တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းသည် နှစ်နိုင်ငံအစိုးရများနှင့် နှစ်နိုင်ငံပြည်သူများအတွက် အကျိုးဖြစ်ထွန်းမှုမရှိဘဲ ဒေသတည်ငြိမ်ရေးအတွက် အန္တရာယ်များကြောင်း၊ လက်နက်ကိုင်သောင်းကျန်းမှု၊ တရားမဝင်လုပ်ငန်းများ လုပ်ဆောင်မှုများသည် ကူးစက်တတ်သည့်သဘောရှိကြောင်း၊ ယင်းသောင်းကျန်းသူများသည် ယခင်အတိတ်ကာလကလည်း နယ်စပ်ဒေသများတွင် မူးယစ်ဆေးဝါးလုပ်ငန်းများ၊ မှောင်ခိုလုပ်ငန်းများနှင့် တရားမဝင်လုပ်ငန်းများလုပ်ဆောင်ပြီး စစ်ဘုရင်ဝါဒကို အသက်သွင်းခဲ့သည့်သူများဖြစ်ကြောင်း၊ ယခုအချိန်တွင်လည်း ဒီမိုကရေစီအရေး၊ လူမျိုးစုအရေးစသည့် အရေးများကို ရုပ်ပြအဖြစ်အသုံးပြုပြီး စစ်ဘုရင်ဝါဒကို ပြန်လည်အသက်သွင်းနေသည်ကို တွေ့မြင်ရကြောင်း၊ "ကျားသေကို အသက်ပြန်မသွင်းမိကြစေဖို့" ပြောလိုကြောင်း၊ မိမိတို့ နှစ်နိုင်ငံအနေဖြင့် နယ်စပ်ဒေသကုန်သွယ်ရေးသည် နှစ်နိုင်ငံပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရေးကို တိုက်ရိုက်အထောက်အကူပြုသောကြောင့် နယ်စပ်ဒေသတည်ငြိမ်ပြီး ကုန်သွယ်ရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်အောင် တတ်နိုင်သရွေ့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်း။

စာမျက်နှာ ၇ သို့ ○

○ စာမျက်နှာ ၆ မှ

ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်းဖြင့် မိမိတို့နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု အလားအလာများကို ယခုနေရာမှ မျှဝေခွင့်ရခဲ့ကြောင်း၊ ယခုအခမ်းအနားမှတစ်ဆင့် မိမိတို့နှစ်နိုင်ငံအကြား ရေရှည်တည်တံ့ခိုင်မြဲပြီး အနာဂတ်တွင် ပိုမိုကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

**မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များနှင့် လိုအပ်ချက်များအား အသီးသီးဆွေးနွေးပြောကြား**

ထို့နောက် တက်ရောက်လာကြသည့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းများဆောင်ရွက်ရာတွင် အစိမ်းရောင်ပတ်ဝန်းကျင်ကို ဖော်ဆောင်နိုင်မည့် အခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရာတွင်ကြုံတွေ့နေရသည့် အခက်အခဲများအပေါ် မြန်မာနိုင်ငံအစိုးရမှ ဖြေရှင်းပေးနိုင်မည့် အခြေအနေများ၊ ကုမ္ပဏီများအလိုက်မှ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် မြန်မာနိုင်ငံမှချမှတ်ထားသည့် ပို့ကုန်၊ သွင်းကုန်မူဝါဒများအား သိရှိလိုမှု၊ နှစ်နိုင်ငံစီးပွားဆက်သွယ်မှု လမ်းကြောင်းများအား ယခုထက်ပိုမိုပွင့်လန်းလာစေရေး ဆောင်ရွက်နိုင်ရန်လိုအပ်မှု၊ ကျောက်မီးသွေးမှ ဓာတ်မြေဩဇာထုတ်ယူမှုလုပ်ငန်းစဉ်အား မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုမှုနှင့် ၎င်းစီမံကိန်းမှတစ်ဆင့် မြန်မာနိုင်ငံနှင့် နိုင်ငံသားတို့အတွက် အကျိုးကျေးဇူးများစွာကို ဖော်ဆောင်ပေးနိုင်မည့်အခြေအနေများ၊ ယခုကဲ့သို့ တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၏ သိရှိလိုသည်များ မေးမြန်းမှုအပေါ် အချိန်ပေး၍ လက်ခံဖြေကြားဆွေးနွေးပေးသည့်အတွက် မြန်မာနိုင်ငံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား အထူးပင်ကျေးဇူးတင်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာမေးမြန်းဆွေးနွေးကြသည်။

**သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများက အသီးသီးပြန်လည်ဆွေးနွေးပြောကြား**

ထိုကဲ့သို့ တရုတ်နိုင်ငံမှ ကုမ္ပဏီများ၏ မေးမြန်းဆွေးနွေးမှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက်မှ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဆွေးနွေးပြောကြားရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်တို့က မြန်မာနိုင်ငံ၏ လျှပ်စစ်မီးသုံးစွဲမှုစနစ်များနှင့် လျှပ်စစ်ဓာတ်အားထုတ်ယူမှုနှင့်ပတ်သက်၍ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အသုံးပြုမှုအပေါ် နိုင်ငံတော်အနေဖြင့်အားပေးဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်ဓာတ်အားပြည့်မီစွာ ထုတ်ယူသုံးစွဲနိုင်ရေးအတွက်လည်း ရေရှည်စီမံချက်များကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်လျက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) က တည်ခင်းဧည့်ခံသည့် နေ့လယ်စာကို အတူတကွသုံးဆောင်ကြစဉ်။

ရှိမှု၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းအပါအဝင် အခြားနယ်ပယ်စုံ၌ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံလိုသူများအား ဖိတ်ခေါ်လျက်ရှိမှုနှင့် လာရောက်ရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်းများနှင့် သွင်းကုန်၊ ပို့ကုန်မူဝါဒများအား တတ်နိုင်သရွေ့ ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိမှု၊ နိုင်ငံခြားငွေလဲလှယ်မှုများ အဆင်ပြေစေရေးနှင့် ပြည်တွင်းကုန်ဈေးနှုန်းများ ထိန်းသိမ်းနိုင်ရေးတို့အတွက် ကော်မတီများဖွဲ့စည်း၍ ကြပ်မတ်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံခြားငွေလဲလှယ်မှုနှင့်ပတ်သက်၍ အနောက်အုပ်စု၏ ငွေကြေးပိတ်ဆို့မှုများကြောင့် ငွေကြေးလဲလှယ်မှုနှုန်းထားများ ဖောင်းပွမှုများ ဖြစ်ပေါ်ခဲ့မှုနှင့် နိုင်ငံတော်အစိုးရအနေဖြင့် စနစ်တကျထိန်းချုပ်ဆောင်ရွက်ခဲ့ပြီး ငွေကြေးတည်ငြိမ်မှုရှိအောင် ဆောင်ရွက်နိုင်ခဲ့မှု၊ နိုင်ငံအချင်းချင်း စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူမြန်ဆန်မှုရှိစေရေးအတွက် ကျပ်-ယွမ်၊ ကျပ်-ဘတ်၊ ကျပ်-ရူပီးတို့ကဲ့သို့ တိုက်ရိုက်ငွေကြေးသုံးစွဲမှုပုံစံများဖြင့် ပေးချေနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ကျောက်မီးသွေးမှ ဓာတ်မြေဩဇာထုတ်လုပ်မှုလုပ်ငန်းစဉ်အား မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုမှုအပေါ် နိုင်ငံတော်အဆင့် စီမံကိန်းအဖြစ်သတ်မှတ်၍ လိုအပ်သည့် ကွင်းဆင်းလေ့လာခြင်းနှင့် လုပ်ငန်းစဉ်များ အဆင့်ဆင့်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

**ဆွေးနွေးမှုများနှင့်ပတ်သက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးပြောကြား**

တရုတ်နိုင်ငံမှ ကုမ္ပဏီများ၏မေးမြန်းဆွေးနွေးမှုများနှင့် ပြည်ထောင်စုဝန်ကြီးများ၏ ပြန်လည်ဆွေးနွေးမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးပြောကြားရာတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တွင် ရေအားလျှပ်စစ်၊ နေရောင်ခြည်သုံးလျှပ်စစ်၊ လေအားလျှပ်စစ်ဟူ၍ရှိပြီး တရုတ်နိုင်ငံအနေဖြင့် ရေအားလျှပ်စစ်၊ နေရောင်ခြည်သုံး လျှပ်စစ်ဓာတ်အားတို့ကို အောင်မြင်စွာဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပူပြင်းသည့်ရာသီဥတုရှိသည့်အတွက် နေရောင်ခြည်သုံးဆိုလာစွမ်းအင်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အဆိုပါရာသီဥတုပူပြင်းသည့် ဒေသများ၌ လာရောက်ရင်းနှီးမြှုပ်နှံမည်ဆိုပါက အောင်မြင်နိုင်မည်ဖြစ်ပြီး ဆောင်ရွက်မည်ဆိုပါက ဆိုလာစွမ်းအင်မှရရှိသည့် လျှပ်စစ်ဓာတ်အားဖြင့် ရေရရှိအောင်ဆောင်ရွက်၍ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ ရေအားလျှပ်စစ်စီမံကိန်းများ ဆောင်ရွက်မည်ဆိုပါကလည်း ၎င်းကြောင့် ထိခိုက်နိုင်မည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီမံကိန်းများဆောင်ရွက်မည်ဆိုပါက သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကိုလည်း မဖြစ်မနေထည့်သွင်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံမှ လုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုများကို ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း။

ငွေကြေးဖောင်းပွမှုများနှင့် ပတ်သက်၍လည်း တိုက်ရိုက်ငွေပေးချေမှုနည်းလမ်းဖြင့် အဖြေရှာဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံကြသူများ၊ ကုန်သွယ်မှုဆောင်ရွက်သူများအတွက် နစ်နာမှုများမရှိစေရေး ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာ၌ အခက်အခဲများကြုံတွေ့ခဲ့ပါကလည်း တင်ပြဆောင်ရွက်သွားနိုင်ပြီး နိုင်ငံတော်အနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံလိုမှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် အောင်မြင်စွာဆောင်ရွက်နိုင်မည့်အခြေအနေရှိပြီး နိုင်ငံတော်မှ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် အညီ လျှောက်ထားဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံဘက်မှလည်း လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လာရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရာတွင် ကုန်ချောအဆင့်ထိ ထုတ်လုပ်ဆောင်ရွက်ခြင်းကို မိမိတို့အနေဖြင့် ပိုမိုအားပေးဆောင်ရွက်လိုပါကြောင်း၊ နယ်စပ်ဒေသ ကုန်သွယ်မှုလုပ်ငန်းများ မူလအခြေအနေအတိုင်း ပြန်လည်ရောက်ရှိနိုင်ရေးအတွက်လည်း အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးစေလိုကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကဆောင်ရွက်သည့်နိုင်ငံဖြစ်သဖြင့် ကျောက်မီးသွေးမှ ဓာတ်မြေဩဇာထုတ်လုပ်သည့်စီမံကိန်း အောင်မြင်စွာ ဖြစ်မြောက်စေရေး မိမိအနေဖြင့် အားပေးပါကြောင်း၊ လိုအပ်သည့်လုပ်ငန်းစဉ်များအဆင့်အလိုက် ဆက်လက်တိုးတက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သံမဏိထုတ်လုပ်ရေးစီမံကိန်းများ လာရောက်ရင်းနှီးမြှုပ်နှံလိုမှုနှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် ကြိုဆိုပါကြောင်းနှင့် လိုအပ်သည့်ဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်သွားနိုင်ပါကြောင်း ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အနေဖြင့် ဆွေးနွေးပြောကြားရာ၌ ယခုကဲ့သို့ ရင်းရင်းနှီးနှီး ဆွေးနွေးပြောကြားရသည့်အတွက် မိမိအနေဖြင့် ဝမ်းမြောက်မိပါကြောင်းနှင့် မြန်မာနိုင်ငံနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများအတွက် ယုံယုံကြည်ကြည်ဖြင့် လာရောက်ရင်းနှီးမြှုပ်နှံ ဆောင်ရွက်နိုင်ပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် တရုတ်-မြန်မာရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) က တည်ခင်းဧည့်ခံသည့် နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း ကမ္ဘောဒီးယားအသင်းကို ငါးဂိုး၊ လေးဂိုးဖြင့် အနိုင်ရရှိ

AFF Futsal Championship 2024 ပြိုင်ပွဲ အုပ်စု(ခ) ဒုတိယပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် နံနက် ၁၀နာရီ က မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းနှင့် ကမ္ဘောဒီးယားလက်ရွေးစင် ဖူဆယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းက ကမ္ဘောဒီးယားလက်ရွေးစင် ဖူဆယ်အသင်းကို ငါးဂိုး၊ လေးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းနည်းပြချုပ် Mr. Bunlert Cheorawong က "ဒီနေ့ပွဲမှာ ကမ္ဘောဒီးယားအသင်းက အရင်ကထက်ပိုကောင်းအောင် ပြင်ဆင်လာခဲ့တယ်။ ဒီနေ့ ကျွန်တော်တို့အသင်းဟာ ပြိုင်ဘက်ကစားကွက် နောက်ကိုလိုက်ပြီး ကစားနေခဲ့တယ်။ ဒုတိယပိုင်းမှာ ကစားကွက်ပိုမိုကောင်းမွန်လာခဲ့ပေမဲ့ တိကျတဲ့အဆုံးသတ်တွေတော့ မရရှိခဲ့ပါဘူး။ ဒါပေမဲ့ တိုက်ပွဲဝင်စိတ်ဓာတ်အပြည့်နဲ့ အနိုင်ရရှိအောင် ကစားပေးခဲ့တဲ့ ကစားသမားအားလုံးကို ကျေးဇူးတင်ပါတယ်"ဟု သုံးသပ်ပြောကြားခဲ့သည်။




မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် AFF Futsal Championship 2024 ပြိုင်ပွဲတွင် အုပ်စု(ခ) တတိယပွဲစဉ် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ပြီး နီးရှားအသင်းနှင့် ဆက်လက်အဖြစ် နိုဝင်ဘာ ၆ တွင် အင်ဒိုသည်။

(NGB)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ယူနန်အသက်မွေးဝမ်းကျောင်းနှင့် စက်မှုလက်မှုနည်းပညာကောလိပ်နှင့် ကူမင်းသိပ္ပံနှင့် နည်းပညာတက္ကသိုလ်တို့သို့ သွားရောက်လေ့လာကြည့်ရှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ ယူနန်အသက်မွေးဝမ်းကျောင်းနှင့် စက်မှုလက်မှုနည်းပညာကောလိပ်တွင် ကြည့်ရှုလေ့လာစဉ်။

နေပြည်တော် နိုဝင်ဘာ ၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ခရီးစဉ်တွင် လိုက်ပါလာကြသူများသည် ယနေ့ မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ ယူနန်အသက်မွေးဝမ်းကျောင်းနှင့် စက်မှုလက်မှုနည်းပညာ ကောလိပ်နှင့် ကူမင်းသိပ္ပံနှင့် နည်းပညာ တက္ကသိုလ်တို့သို့ သွားရောက်လေ့လာကြည့်ရှုကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ယူနန်အသက်မွေးဝမ်းကျောင်းနှင့် စက်မှုလက်မှု နည်းပညာကောလိပ်သို့ ရောက်ရှိကြရာ ကောလိပ်မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ကောလိပ်ဆိုင်ရာ အချက်အလက်များ၊ ကောလိပ်မှ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် သက်မွေးပညာဘာသာရပ်များနှင့် နည်းပညာဆိုင်ရာ ဘာသာရပ်များ၊ မြန်မာနိုင်ငံ နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အပါအဝင် နိုင်ငံတကာမှ သက်မွေးဘာသာရပ်ဆိုင်ရာ သင်ကြားပေးနေသည့် ကောလိပ်များ၊ တက္ကသိုလ်များဖြင့် ဆက်ဆံမှုစနစ် ထူထောင်ထားရှိပြီး ကူးလူးဆက်ဆံဆောင်ရွက်လျက်ရှိမှု၊ အတတ်ပညာပိုင်းဆိုင်ရာနှင့် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်လုပ်သားများ၊ ပညာရှင်များ မွေးထုတ်ပေးလျက်ရှိမှုနှင့် အခြားဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကောလိပ်အတွင်းရှိ Electromechnical Training Centre အတွင်း ကမ္ဘာ့အဆင့် အတတ်ပညာဆိုင်ရာ ပြိုင်ပွဲများ၊ ပြပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် နည်းပညာရပ်ဆိုင်ရာများ၊ ပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် အဆင့်မြင့်နည်းပညာ အသုံးပြု စက်ကိရိယာများ ခင်းကျင်းပြသထားရှိမှု၊ China's Training Base for WorldSkills Competition Information Network Cabling အတွင်း ကေဘယ်ဆိုင်ရာလေ့ကျင့်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကူမင်းသိပ္ပံနှင့်နည်းပညာ တက္ကသိုလ်မှ တက္ကသိုလ်ပါတီအတွင်းရေးမှူး Mr. Teng Jiahua နှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် လဲလှယ်စဉ်။

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကူမင်းသိပ္ပံနှင့် နည်းပညာတက္ကသိုလ်သို့ ရောက်ရှိကြရာ တက္ကသိုလ်ပါတီအတွင်းရေးမှူးဖြစ်သူ Mr. Teng Jiahua နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် တက္ကသိုလ်ရှိ AI နည်းပညာစမ်းသပ်ခန်းအတွင်း၌ တက္ကသိုလ်ဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ Video Clip ဖြင့် ဖွင့်လှစ်ရှင်းလင်းပြသသည်။ ထို့နောက် ဒုတိယပါမောက္ခချုပ်ဖြစ်သူ Mr. Liu Yanwen က AI နည်းပညာဆိုင်ရာ ဆောင်ရွက်ချက်များကို လက်တွေ့စမ်းသပ်ပြသသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက္ကသိုလ်အတွင်းရှိ UAV နှင့် Drone နည်းပညာအသုံးပြု လယ်ယာစိုက်ပျိုးရေး၊ ဆောက်လုပ်ရေးနှင့် ကင်းထောက်နိုင်မှုစွမ်းရည်များအား သင်ကြားပို့ချမှုဌာန၊ လူသားအစားထိုး အဆင့်မြင့် စက်ရုပ်နည်းပညာ၊ အာရုံခံစနစ်အသုံးပြုမှု နည်းပညာအသုံးချမှုစနစ်အား သင်ကြားပို့ချမှုဌာနတို့သို့ လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက္ကသိုလ်ပါတီ အတွင်းရေးမှူးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ခဲ့ကြပြီး တက္ကသိုလ်မှ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ကူမင်းသိပ္ပံနှင့် နည်းပညာတက္ကသိုလ်ကို ၁၉၅၄ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး နှစ်ပေါင်း ၇၀ သက်တမ်း ရှိပြီဖြစ်ကာ အင်ဂျင်နီယာ ဘာသာရပ်ကို အဓိကထား၍ သင်ကြားပို့ချလျက်ရှိသည့် တက္ကသိုလ်တစ်ခုဖြစ်ကြောင်း၊ ထို့ပြင် တက္ကသိုလ်ဝင်းအတွင်း၌ ဆေးဝါး၊ စိုက်ပျိုးရေး အစားအစာ၊ ဇီဝ၊ နည်းပညာများနှင့်သက်ဆိုင်သည့် ဘာသာရပ်များကိုလည်း သင်ကြားပို့ချပေးလျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံနှင့် ဒေသပေါင်း ၄၉ ခုမှ တက္ကသိုလ်များနှင့် သုတေသနစင်တာပေါင်း ၁၉၀ နှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် ၂၄၅ ခုကို လက်မှတ်ရေးထိုးထားရှိပြီးဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများအတွက် အင်ဂျင်နီယာနှင့် စီမံခန့်ခွဲမှု စွမ်းရည်သင်တန်းများကို ဖွင့်လှစ်ပေးခြင်း၊ နည်းပညာများ သင်ကြားပေးခြင်းနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများအတွက် အဆင့်မြင့် ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ သုတေသနနှင့် ဖလှယ်မှုများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ ကူမင်းသိပ္ပံနှင့် နည်းပညာတက္ကသိုလ်၌ လေ့လာကြည့်ရှုစဉ်။


# ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်နိုင်ခဲ့သည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးမှ ပထမဆုရရှိသူများ၏ ယှဉ်ပြိုင်ခဲ့မှုမှတ်တမ်း




ဒိုးပတ်အတီးပြိုင်ပွဲ ဝါသနာရှင်ပထမတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးဗိုလ်ထွား နှင့်အဖွဲ့ ဤသို့ မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ခဲ့ကြသည်။




ဒုံမင်းအတီးပြိုင်ပွဲ ဝါသနာရှင်ဒုတိယတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် ကရင်ပြည်နယ်မှ ဦးမျိုးစန်း "ဇမ္ဗူတောင်ညာ" (ပတ်ပျိုး)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




ဒုံမင်းအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသား အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မောင်လင်းလက်အောင် "ဓေယျာမြို့"(ကြိုး)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




ပတ္တလားအတီးပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသမီး အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် မွန်ပြည်နယ်မှ မနွေးနွေးထက် "ကျွန်းကျွန်းပိုင်သ" (ကြိုး)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်ဟန်။




ဒုံမင်းအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသမီး အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မနေနီနီနိုင် "ရွှေမင်းဂံ" (ကာလပေါ်) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




ပတ္တလားအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသား အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မောင်ကောင်းခန့်ဇော် "မင်္ဂလာသီရိ" (ဘွဲ့)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




ဂီတာအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသမီး အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၌ ပထမဆု ပူးတွဲရရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ မဂျူးဂျူးအောင် "ဝေဘာဂီရိ"(ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။

# မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေး ခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်/မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့် အကျုံးဝင်သည့် ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် (၂) တန်နှင့်အထက် အငှားယာဉ်များအား ယာဉ်စစ်ဆေး၍ သက်တမ်းတိုး ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ယခုအခါ ယာဉ်များ ကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာ လမ်းများပေါ်တွင် အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေး
ညွှန်ကြားမှုဦးစီးဌာန

## မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေး ဟောပြောပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအသင်း(ဗဟို -မန္တလေး) (AE DY-Mdy)တို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၄ရက် နံနက် ၉ နာရီခွဲက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ ၈၉လမ်း၊ ၈လမ်းနှင့် ၉ လမ်းကြားရှိ အမှတ်(၃၈)အခြေခံပညာအထက်တန်းကျောင်း၊ လှညွန့်ရတနာကျောင်းဆောင်တွင် ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ် ဆရာမကြီး ဒေါ်စုစုလှိုင်က အဖွင့်အမှာစကားပြောကြားပြီး အသင်းတွဲဖက်အတွင်းရေးမှူး ဦးမိုးသန်းဦးက မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း၊ အောင်မြေသာစံမြို့နယ် အသင်းခွဲ ဥက္ကဋ္ဌ ဦးနေလင်းက မူးယစ်ဆေးဝါး သမိုင်းအကြောင်းကိုလည်းကောင်း၊အသင်းအလုပ်အမှုဆောင် ဦးဝင်းမင်းလှိုင်က မူးယစ်ဆေးအမျိုးအစားနှင့် ဆိုးကျိုးအန္တရာယ်ကိုလည်းကောင်း၊အသင်းဘဏ္ဍာရေးမှူး ဒေါ်ခင်မေလှိုင်က မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းကိုလည်းကောင်း ပညာပေးဟောပြောကြပြီး အောင်မြေသာစံမြို့နယ် အသင်းခွဲအဖွဲ့ဝင် မစုုသက်ပိုင်က ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆိုင်ရာမေးခွန်းများ မေးမြန်းကာ ဆုချီးမြှင့်ခြင်းများ ပြုလုပ်ပေးပြီး တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက မူးယစ်ဆေးဝါးမသုံးစွဲရန် သန္နိဋ္ဌာန်ကို ရွတ်ဆိုကြကြောင်း သိရသည်။

(၀၇၀)

၀-၀-၀-၀-၀

## မြစ်သားမြို့နယ်၌ လူငယ်များအား စစ်မှုထမ်းဆောင်ရန် ပေါ်တာဆွဲဖမ်းဆီးပြီး မထမ်းဆောင်လိုပါက ငွေကြေးဖြင့် ပြန်ရွေးခိုင်းကြောင်း သတင်းတု၊ သတင်းအမှားများ လွှင့်ဆော်ဝါဒ ဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၅**




မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ရိုးကန်ကျေးရွာနှင့် ရစ်ကန်ကျေးရွာတို့မှ လူငယ်လေးဦးတို့အား နိုဝင်ဘာ ၂ ရက်က စစ်မှုထမ်းဆောင်ရန် ပေါ်တာဆွဲ ဖမ်းဆီးခဲ့ကြောင်း၊ ထို့နောက် အဆိုပါ လူငယ်များအား စစ်မှုမထမ်းဆောင်လိုပါက ငွေကျပ်သိန်း ၅၀ ဖြင့် ပြန်ရွေးယူရန် မိသားစုများထံ အကြောင်းကြားသည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လွှင့်ဆော်ဝါဒ ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းခဲ့ရာ ၎င်းသတင်းသည် သတင်းအမှားသာဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာအဖွဲ့အစည်းများ အသီးသီးဖွဲ့စည်းထားရှိပြီး သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေနှင့် အညီသာ လိုက်နာကျင့်သုံးလျက်ရှိကြောင်း၊ မသမာသူအချို့နှင့် တရားမဝင် ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန် အတွက် လုပ်ကြံရေးသားထားသည့် သတင်းတု၊ သတင်းအမှားသာ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## စိတ်ကြွရူးသွပ်ဆေးပြား ၄ သန်းကျော်နှင့် အိုက်စ်(မက်သ်အဖက်တမင်း) ၂၀၂ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁ ရက် ညနေ ၅ နာရီက တာချီလိတ်မြို့နယ်၊ လွယ်တော်ခမ်းကျေးရွာအုပ်စု၊ ရေပူစမ်းကျေးရွာရှိ စိုင်းကျိုင်း(ခ)ရဲလမ်းဆိုသူ၏ နေအိမ်တွင် မူးယစ်ဆေးဝါးများ သိုဝှက်ထားကြောင်း သတင်းအရရှာဖွေရာ စိုင်းရီလွတ်နှင့် အိုက်ကောင်ဆိုသူတို့ နှစ်ဦးအား စိတ်ကြွရူးသွပ်ဆေးပြား ၄ ဒသမ ၀၃၆ သန်း၊ အိုက်စ်(မက်သ်အဖက်တမင်း)၂၀၂ ကီလို၊ အနံ့မှုန့် Vanillin ၇၅ ကီလို၊ အနံ့ဆေးရည် ၃၆၀ လီတာ၊ ISUZU D-MAX မော်တော်ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိသည့် အိမ်ပိုင်ရှင် စိုင်းကျိုင်း(ခ)ရဲလမ်းနှင့် (လွယ်တော်ခမ်းကျေးရွာအုပ်စု၊ ဟွေရဲကျေးရွာနေ) အန်းဂျေလိုဆိုသူတို့နှစ်ဦးမှ တာချီလိတ်နယ်စပ်တွင် အရောင်းအဝယ်ပြုလုပ်ရန် သိုဝှက်ထားသော ပစ္စည်းများဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအားစစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း၊ အမှုတွင် ဆက်စပ်ပါဝင်သူများနှင့် ၎င်းတို့ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့်ပါ ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## လုံခြုံရေးတပ်ဖွဲ့ဝင်များက မင်းတပ်မြို့ကို မီးရှို့မှုများ ဆက်တိုက်လုပ်နေကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသား ဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၅**




ချင်းပြည်နယ် တောင်ပိုင်း မင်းတပ်မြို့ကို နိုဝင်ဘာ ၃ ရက် ညနေပိုင်းတွင် နယ်မြေခံ လုံခြုံရေး တပ်ဖွဲ့ဝင်များက မင်းတပ်မြို့ အနောက်ရပ်ကွက် ဆည်မြောင်းရုံးဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာများ၊ လူမနေသည့် အိမ်များကို လိုက်လံမီးရှို့ဖျက်ဆီးခဲ့သည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ နယ်မြေခံ လုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက လူမနေသည့်အိမ်များကို မီးရှို့၍ ဖျက်ဆီးခဲ့သည်ဆိုသည့် သတင်းမှာ သတင်းတု၊ သတင်းအမှားများသာဖြစ်ကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် မင်းတပ်မြို့တွင် နေထိုင်နေကြသည့် ပြည်သူ၊ ပြည်သားများ ကြောက်ရွံ့ထိတ်လန့်စေရန်နှင့် ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်မည်ကို မလိုလားသဖြင့် ရည်ရွယ်ချက်ရှိရှိ လွှင့်ဆော်ဝါဒဖြန့်ဝေခြင်းသာဖြစ်ကြောင်းသိရသည်။

သတင်းစဉ်

## ခရီးသည်တင်ယာဉ်မတော်တဆမှု ဖြစ်ပွား

**နေပြည်တော် နိုဝင်ဘာ ၅**

ရန်ကုန် -မန္တလေးအမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ် ၁/၄ နှင့် ၁/၅ကြား၊ တိုးဂိတ်အနီးတွင် နိုဝင်ဘာ ၃ရက် နံနက် ၄နာရီ ၅၄မိနစ်ခန့်က ခရီးသည်တင်ယာဉ်တစ်စီး မတော်တဆမှု ဖြစ်ပွားခဲ့သည်။ မတော်တဆမှုဖြစ်ပွားရာသို့ အမြန်လမ်းမီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ လှည်းကူးအမြန်လမ်းရဲတပ်ဖွဲ့ဝင်များ၊ လှည်းကူးမြို့နယ် မီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး၊သန္နေမီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်ကူညီဆောင်ရွက်ပေးခဲ့သည်။

ယာဉ်မတော်တဆမှုကြောင့် ယာဉ်ပေါ်ပါ အမျိုးသားနှစ်ဦး (မစိုးရိမ်ရ)ရရှိခဲ့ပြီး အမျိုးသမီးတစ်ဦးမှာ သေဆုံးမှုဖြစ်ပွားခဲ့သဖြင့် အမြန်လမ်းကြက်ခြေနီတပ်ဖွဲ့၊ Medical လူငယ်အသင်းပိုင် လူနာတင်ယာဉ်ဖြင့် လှည်းကူးဆေးရုံသို့ ပို့ဆောင်ကူညီပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၀၄၅)



## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီက သတင်းအရ သက်သေများနှင့်အတူ နမ့်စန်မြို့၊ အမှတ်(၄)ရပ်ကွက်၊ စွယ်တော်လမ်းနေ ရဲရင့်အောင်ဆိုသူ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀ အားလည်းကောင်း၊ နံနက် ၁၀ နာရီတွင် အဆိုပါလမ်းနေ မျိုးဝင်းထွန်း(ခ)ကိုလင်းဆိုသူ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ အားလည်းကောင်း၊ နံနက် ၁၁ နာရီတွင် နမ့်စန်မြို့နယ်၊ အမှတ်(၇)ကျောက်တောင်နေ မရီ ဆိုသူ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်ခြံဝင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၂၀၀ အားလည်းကောင်း တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ရဲရင့်အောင်(၂၆)နှစ်၊ မျိုးဝင်းထွန်း(ခ) ကိုလင်း(၄၃)နှစ်နှင့် မရီ(၅၄)နှစ် ဆိုသူတို့အား နမ့်စန်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)




## နေမာ ပေါင်ဒဏ်ရာ ရရှိခဲ့ခြင်းကြောင့် ထပ်မံအနားယူရဦးမည်

**လန်ဒန် နိုဝင်ဘာ ၅**

အယ်လ်ဟီလာအသင်း တိုက်စစ်မှူး နေမာသည် ဒဏ်ရာပြဿနာမှ မကြာသေးမီက သက်သာလာပြီး အသင်းနှင့်အတူ ပြန်လည်ပွဲကစားချိန်တွင် ပေါင်ဒဏ်ရာ ရရှိခဲ့ခြင်းကြောင့် ထပ်မံအနားယူရဦးမည် ဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် အာရှချန်ပီယံလိဂ်ပွဲစဉ်အဖြစ် အယ်လ်ဟီလာအသင်းက အယ်စတယ်လာအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာထပ်မံရရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး နေမာသည် ဆော်ဒီကလပ် အယ်လ်ဟီလာအသင်းသို့ ၂၀၂၃ခု ရောက်ရှိချိန်ကတည်းက တောက်လျှောက် ဒဏ်ရာပြဿနာများစွာနှင့် ရင်ဆိုင်ခဲ့ရသည်။

အသက်(၃၂)နှစ်အရွယ်ရှိ တိုက်စစ်မှူးနေမာသည် အယ်လ်ဟီလာအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇ပွဲကစားပြီး ၁ဂိုးသာ သွင်းယူထားသည်။

**(အောက်ပုံ) (NGB)**





## ဒွိုက်ယော့ခ်အား နည်းပြသစ်အဖြစ် ထရီနီဒက်နှင့် တိုဘာဂိုလက်ရွေးစင်အသင်း ခန့်အပ်

**လန်ဒန် နိုဝင်ဘာ ၅**

ထရီနီဒက်နှင့် တိုဘာဂိုလက်ရွေးစင်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ဒွိုက်ယော့ခ်အား ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ထရီနီဒက်နှင့် တိုဘာဂိုလက်ရွေးစင်အသင်း၏ ကစားသမားဟောင်းတစ်ဦးဖြစ်သလို၊ ဩစတြေးလျကလပ် မက်ကာသာအသင်းအား ကိုင်တွယ်ခဲ့ဖူးပြီး အတွေ့အကြုံရှိသူတစ်ဦးဖြစ်ခြင်းကြောင့် နည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ **(အပေါ်ပုံ)**

အသက်(၅၃)နှစ်အရွယ်ရှိ ဒွိုက်ယော့ခ်က "ကျွန်တော် ထရီနီဒက်နှင့် တိုဘာဂိုလက်ရွေးစင်အသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကျွန်တော်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို လည်း အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်း ရလဒ်ကောင်းတွေရရှိဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(NGB)**

## အီဒူး အာဆင်နယ်အသင်း အားကစားဒါရိုက်တာရာထူးမှ နုတ်ထွက်

**လန်ဒန် နိုဝင်ဘာ ၅**

အားကစားဒါရိုက်တာ အီဒူး ယနေ့တွင် အသင်းရာထူးမှ နုတ်ထွက်သွားပြီဖြစ်ကြောင်း အာဆင်နယ်အသင်းမှ အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အီဒူးသည် အာဆင်နယ်အသင်း အတွက်အရေးပါသည့် ကစားသမားသစ် ခေါ်ယူမှုပေါင်းများစွာကို ဆောင်ရွက်ပေးခဲ့သည့်အပြင် နည်းပြအာတီတာ၏ အားထားရသည့် အားကစားဒါရိုက်တာတစ်ဦးလည်းဖြစ်သည်။

အီဒူးထွက်ခွာခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းအတွက်လည်း ကြီးမားသည့် ဆုံးရှုံးမှုတစ်ရပ်ဖြစ်ခဲ့ရသည်။

အသက်(၄၆)နှစ်အရွယ်ရှိ အီဒူးသည် အာဆင်နယ်အသင်း အားကစားဒါရိုက်တာရာထူးမှ နုတ်ထွက်ခဲ့ပြီးနောက်၊ နော်တင်ဟမ်ဖောရက်စ်အသင်းထံ ပြောင်းရွှေ့သွားမည်ဖြစ်ကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။

**(အောက်ပုံ)**

**(NGB)**



## အီဂေါ်ဂျေရှူးအား ခေါ်ယူရန် ဝက်စ်ဟမ်းအသင်း စိတ်ဝင်စား

**လန်ဒန် နိုဝင်ဘာ ၅**

ပရီးမီးယားလိဂ်ကလပ် ဝက်စ်ဟမ်းအသင်းသည် ဘိုတာဖိုဂိုအသင်းတိုက်စစ်မှူး အီဂေါ်ဂျေရှူးအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ **(အောက်ယာပုံ)**

အသက်(၂၃)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဘိုတာဖိုဂိုအသင်းနှင့်အတူ ယခုနှစ်ဘောလုံး ရာသီတွင် ပြိုင်ပွဲစုံ ၂၂ ပွဲ ကစားပြီး ၈ ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဝက်စ်ဟမ်းအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

တိုက်စစ်မှူး အီဂေါ်ဂျေရှူးကလည်း ပရီးမီးယားလိဂ်သို့ လာရောက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် ဝက်စ်ဟမ်းအသင်းအနေဖြင့် လာမည့်ဆောင်းရာသီဈေးကွက်အတွင်းတွင် ဘိုတာဖိုဂိုအသင်းထံမှ အီဂေါ်ဂျေရှူးအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာစောင့်ကြည့်ရမည် ဖြစ်သည်။ **(NGB)**



## 2024 Nitto ATP Finals တင်းနစ်ပြိုင်ပွဲ နိုဝင်ဘာ ၉ရက်တွင် စတင်မည်

**တူရင် နိုဝင်ဘာ ၅**

အီတလီနိုင်ငံ၊တူရင်မြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Nitto ATP Finals တင်းနစ်ပြိုင်ပွဲ လာမည့်နိုဝင်ဘာ ၉ ရက်တွင် စတင်သွားမည် ဖြစ်သည်။

အဆိုပါ 2024 Nitto ATP Finals တင်းနစ်ပြိုင်ပွဲ ကို နိုဝင်ဘာ ၉ရက်မှ ၁၈ရက်အထိ ၁၀ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2024 Nitto ATP Finals တင်းနစ်ပြိုင်ပွဲ သို့ နာမည်ကျော် တင်းနစ်ကစားသမားများစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

Nitto ATP Finals တင်းနစ်ပြိုင်ပွဲ လက်ရှိ ချန်ပီယံမှာ ဆားဘီးယားတင်းနစ်ကစားသမား Novak Djokovic ဖြစ်သည်။

**(အောက်ပုံ)**

**(NGB)**



### ဥရောပ ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ (အမှတ်ပေး လိဂ်အဆင့်) (ပွဲစဉ်–၄)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပြည်တွင်းအမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှု | အမှတ်ပေးပွဲ၌ အိမ်/ဧည့် ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၇-၁၁-၂၀၂၄ | (၂၆)ဘရူဂျက် – ဗီလာ(၁) | ——— | ဘရူဂျက်(အိမ်) | ၆ | ၃ | ၂ | ၁ | ၁၀ | ၇ |
| နံနက်၀၀း၁၅နာရီ | (ဘယ်လ်ဂျီယံ–၂) (အင်္ဂလန်–၆) | | ဗီလာ(ဧည့်) | ၅ | ၃ | ၁ | ၁ | ၁၀ | ၉ |
| ။ | (၃၀)ရှက်တာဒိုးနက် – ယန်းဘွိုင်း(၃၅) | ရှက်တာဒိုးနက် ၂–၀ ယန်းဘွိုင်း | ရှက်တာဒိုးနက်(အိမ်) | ၅ | ၄ | – | ၁ | ၁၆ | ၅ |
| | (ယူကရိန်း–၃) (ဆွစ်ဇာလန်–၁၀) | ယန်းဘွိုင်း ၂–၀ ရှက်တာဒိုးနက် | ယန်းဘွိုင်း(ဧည့်) | ၇ | ၁ | ၂ | ၄ | ၇ | ၁၃ |
| ၇-၁၁-၂၀၂၄ | (၃၃)ရက်စတားဘဲလဂိတ် – ဘာစီလိုနာ(၁၀) | ——— | ရက်စတားဘဲလဂိတ်(အိမ်) | ၇ | ၆ | ၁ | – | ၂၂ | ၈ |
| နံနက်၀၂း၃၀နာရီ | (ဆားဘီးယား–၁) (စပိန်–၁) | | ဘာစီလိုနာ(ဧည့်) | ၇ | ၆ | – | ၁ | ၂၂ | ၅ |
| ။ | (၂၃)ဘိုင်ယန်မြူးနစ် – ဘင်ဖီကာ(၁၃) | ဘိုင်ယန်မြူးနစ် ၅–၂ ဘင်ဖီကာ | ဘိုင်ယန်မြူးနစ်(အိမ်) | ၄ | ၃ | ၁ | – | ၁၀ | ၁ |
| | (ဂျာမနီ–၁) (ပေါ်တူဂီ–၃) | ဘင်ဖီကာ ၀–၄ ဘိုင်ယန်မြူးနစ် | ဘင်ဖီကာ(ဧည့်) | ၄ | ၂ | ၁ | ၁ | ၆ | ၄ |
| ။ | (၁၆)ဗီယင်န – ဆောလ်ဘတ်(၃၄) | ဆောလ်ဘတ် ၁–၂ ဗီယင်န | ဗီယင်န(အိမ်) | ၅ | ၃ | ၁ | ၁ | ၈ | ၆ |
| | (နယ်သာလန်–၄) (ဩစတြီးယား–၄) | (၉–၇–၂၀၂၂ခြေစမ်းပွဲ) | ဆောလ်ဘတ်(ဧည့်) | ၆ | ၂ | ၂ | ၂ | ၆ | ၁၀ |
| ။ | (၇)အင်တာမီလန် – အာဆင်နယ်(၉) | အင်တာမီလန် ၁–၅ အာဆင်နယ် | အင်တာမီလန်(အိမ်) | ၆ | ၄ | ၁ | ၁ | ၁၅ | ၈ |
| | (အီတလီ–၂) (အင်္ဂလန်–၅) | အာဆင်နယ် ၀–၃ အင်တာမီလန် | အာဆင်နယ်(ဧည့်) | ၅ | ၂ | ၁ | ၂ | ၅ | ၅ |
| ။ | (၁၉)PSG – အက်သလက်တီကို(၂၅) | PSG ၃–၂ အက်သလက်တီကို | PSG(အိမ်) | ၅ | ၅ | – | – | ၁၇ | ၄ |
| | (ပြင်သစ်–၁) (စပိန်–၃) | (၃၀–၇–၂၀၁၈အင်တာနေရှင်နယ်ဖလား) | အက်သလက်တီကို(ဧည့်) | ၆ | ၂ | ၃ | ၁ | ၆ | ၅ |
| ။ | (၂၁)စပါတာပရပ် – ဘရက်(၅) | ——— | စပါတာပရပ်(အိမ်) | ၆ | ၃ | ၁ | ၂ | ၁၁ | ၁၀ |
| | (ချက်–၃) (ပြင်သစ်–၁၁) | | ဘရက်(ဧည့်) | ၄ | ၁ | – | ၃ | ၃ | ၉ |
| ။ | (၁၈)စတုဂတ် – အတ္တလန်တာ(၁၇) | ——— | စတုဂတ်(အိမ်) | ၄ | ၂ | ၂ | – | ၁၁ | ၆ |
| | (ဂျာမနီ–၈) (အီတလီ–၃) | | အတ္တလန်တာ(ဧည့်) | ၆ | ၃ | ၁ | ၂ | ၁၁ | ၇ |

( )ထဲမှ အဆင့်မှာ ပြိုင်ပွဲဝင်အသင်း (၃၆)သင်း၏ အမှတ်ပေးဇယားအဆင့်များ ဖြစ်ပါသည်။

### ယူရိုပါလိဂ် ဘောလုံးပြိုင်ပွဲ (အမှတ်ပေးလိဂ်အဆင့်)(ပွဲစဉ်-၄)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပြည်တွင်းအမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှု | အမှတ်ပေးပွဲ၌ အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၆-၁၁-၂၀၂၄ | (၂၇)ဘက်ဆစ်တတ် – မော်လ်မို(၂၅) | ဘက်ဆစ်တတ် ၀–၁ မော်လ်မို | ဘက်ဆစ်တတ်(အိမ်) | ၅ | ၄ | – | ၁ | ၁၁ | ၆ |
| ည၁၀း၀၀နာရီ | (တူရကီ–၄) (ဆွီဒင်–၁) | မော်လ်မို ၂–၀ ဘက်ဆစ်တတ် | မော်လ်မို(ဧည့်) | ၁၅ | ၆ | ၇ | ၂ | ၂၉ | ၁၈ |

( )ထဲမှ အဆင့်မှာ ပြိုင်ပွဲဝင်အသင်း (၃၆)သင်း၏ အမှတ်ပေးဇယားအဆင့်များ ဖြစ်ပါသည်။

### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၄)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၇-၁၁-၂၀၂၄ | (၇)မီလ်ဝေါလ် – လီဒ်စ်(၂) | မီလ်ဝေါလ် ၀–၃ လီဒ်စ် | မီလ်ဝေါလ်(အိမ်) | ၇ | ၄ | ၁ | ၂ | ၁၁ | ၆ |
| နံနက်၀၂း၁၅နာရီ | (D,D,W,W,W) (D,W,W,D,W) | လီဒ်စ် ၂–၀ မီလ်ဝေါလ် | လီဒ်စ်(ဧည့်) | ၆ | ၂ | ၄ | – | ၇ | ၃ |
| ။ | (၈)ဘလက်ဘန်း – စတုတ်(၁၆) | ဘလက်ဘန်း ၃–၁ စတုတ် | ဘလက်ဘန်း(အိမ်) | ၇ | ၅ | ၁ | ၁ | ၁၂ | ၅ |
| | (L,W,D,L,L) (D,D,D,L,W) | စတုတ် ၀–၃ ဘလက်ဘန်း | စတုတ်(ဧည့်) | ၆ | ၁ | ၁ | ၄ | ၁ | ၈ |
| ။ | (၁၃)ကိုဗင်ထရီ – ဒါဘီ(၁၄) | ကိုဗင်ထရီ ၁–၁ ဒါဘီ | ကိုဗင်ထရီ(အိမ်) | ၆ | ၃ | – | ၃ | ၁၁ | ၉ |
| | (L,L,D,W,W) (W,D,D,D,L) | ဒါဘီ ၁–၁ ကိုဗင်ထရီ | ဒါဘီ(ဧည့်) | ၇ | – | ၂ | ၅ | ၆ | ၁၃ |
| ၇-၁၁-၂၀၂၄ | (၂၁)လူတန်တောင်း – ကာဒစ်ဖ်(၁၇) | လူတန်တောင်း ၁–၀ ကာဒစ်ဖ် | လူတန်တောင်း(အိမ်) | ၇ | ၂ | ၂ | ၃ | ၁၁ | ၁၂ |
| နံနက်၀၂း၃၀နာရီ | (L,W,L,L,D) (D,W,W,D,W) | ကာဒစ်ဖ် ၁–၂ လူတန်တောင်း | ကာဒစ်ဖ်(ဧည့်) | ၆ | – | ၃ | ၃ | ၃ | ၁၂ |
| ။ | (၂၀)ပရက်စတန် – ဆန်းဒါးလန်း(၁) | ပရက်စတန် ၂–၁ ဆန်းဒါးလန်း | ပရက်စတန်(အိမ်) | ၇ | ၃ | ၂ | ၂ | ၈ | ၇ |
| | (D,W,D,D,L) (D,W,W,W,D) | ဆန်းဒါးလန်း ၂–၀ ပရက်စတန် | ဆန်းဒါးလန်း(ဧည့်) | ၇ | ၄ | ၁ | ၂ | ၁၁ | ၇ |

### ၂၀၂၄ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ် - ၁၃) — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၆-၁၁-၂၀၂၄ ဗုဒ္ဓဟူးနေ့ | ညနေ၄း၀၀နာရီ (သုဝဏ္ဏကွင်း) | (၅)ရတနာပုံ – သစ္စာအားမာန်(၉) (သစ္စာအားမာန် ၁–၂ ရတနာပုံ) | ——— |

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ရက်ကန်းအဖွဲ့အား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်

**မန္တလေး နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း၌ နိုဝင်ဘာ ၁၃ရက်မှ ၁၅ရက်အထိ ကျင်းပမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တန်ဆောင်တိုင်ပွဲတော်၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်မည့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု အမရပူရပြည်ရက်ကန်းစင်တော်မှ ပြိုင်ပွဲဝင်အသင်းသားများအား ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် တွေ့ဆုံ၍ အားပေးစကားများ ပြောကြားခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အသင်းသားများအနေဖြင့် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲသည် ထင်ရှားသည့် အလှူဒါနတစ်ခုဖြစ်ပါကြောင်း၊ ကာယ၊ ဉာဏ၊ ဓနဲ၊ လုံ့လ၊ ဝီရိယအားများကို အခြေခံ၍ တတ်မြောက်ထားသည့် ပညာများဖြင့် ရက်လုပ်ပူဇော် လှူဒါန်းရသည့်အတွက် များစွာကုသိုလ်အကျိုးများပါကြောင်း၊ ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ အသင်းအဖွဲ့စိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်ကာ တိုင်းဒေသကြီးဂုဏ်ဆောင်နိုင်သူများဖြစ်အောင် ကြိုးစားသွားစေလိုပါကြောင်း အားပေးစကားများ ပြောကြားခဲ့သည်။

၎င်းနောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ မသိုးသင်္ကန်း လှူဒါန်းပူဇော်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု အမရပူရပြည်ရက်ကန်းစင်တော်မှ ပြိုင်ပွဲဝင်အသင်း အုပ်ချုပ်သူ၊ ကြီးကြပ်သူများက ကြိုတင်ပြင်ဆင်ထားမှု




အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဖြည့်စွက်ပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေး၍ ပြိုင်ပွဲဝင်အသင်းအတွက် ထောက်ပံ့ငွေကျပ် ၅၅သိန်းကို တာဝန်ရှိသူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀




# အောင်လံမြို့နယ်၌ ဝါသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**မကွေး နိုဝင်ဘာ ၅**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ်အတွင်းရှိ ကျေးရွာများတွင် မြေပဲ၊နှမ်း၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ နေကြာနှင့် ဝါသီးနှံများကို စိုက်ပျိုးလျက်ရှိပြီး ယခုနှစ်တွင် ဝါသီးနှံ ၂၃၂၇၀ ဧကခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ဝါသီးနှံကို ဇူလိုင်လကုန်တွင် စတင်စိုက်ပျိုးပြီး ဒီဇင်ဘာလတွင် ထွက်ပေါ်မည်ဖြစ်ကြောင်း၊ မျိုးများအနေဖြင့် ရွှေတောင် ၁၀၊ RAKA၊ TBL195၊ B31 မျိုးများကို စိုက်ပျိုးပြီး တစ်ဧကလျှင် မျိုးစေ့ ၇ပိဿာခန့် ကုန်ကျပြီး စိုက်ပျိုးမှုအတွက် ထွန်ယက်ခ၊ မျိုးစေ့၊ စိုက်ပျိုးစရိတ်၊ သွင်းအားစု အပါအဝင် စုစုပေါင်းငွေကျပ် ၆သိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၂၅၀မှ ၃၅၀ပိဿာထွက်ရှိပြီး ဝါတစ်ပိဿာလျှင် ကျပ် ၃၅၀၀ခန့်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ဧကလျှင် ငွေကျပ် ၆သိန်းကျော် အမြတ်ရရှိကြောင်း၊ ယခုနှစ် အောက်တိုဘာလ၊ စတုတ္ထပတ်တွင် ဝါတစ်ပိဿာလျှင် ကျပ် ၃၂၀၀-၃၄၀၀၊ ဝါဂွမ်း တစ်ပိဿာလျှင် ကျပ် ၈၀၀၀-၈၅၀၀-၉၀၀၀၊ ဝါစေ့ တစ်ပိဿာလျှင် ကျပ် ၁၄၀၀-၁၅၀၀ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် မြို့ပေါ်ပွဲရုံများမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီး၊ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံနှင့် ပုဂ္ဂလိကအထည်စက်ရုံများသို့ တင်ပို့ရောင်းချကြောင်း၊ ယခုအချိန်တွင် ဝါသီးနှံအပင်များ အသီးအပွင့်များ ပွင့်ဖူးအောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ရာသီဥတုကောင်းမွန်သောကြောင့် အထွက်နှုန်းကောင်းမွန်ပါက တောင်သူများ အကျိုးအမြတ် ပိုမိုရရှိမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)



# မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ပထမအကြိမ်ထုတ်ချေး

**မိတ္ထီလာ နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ရေချိုကျေးရွာအုပ်စု၊ ရေချို(ရွာမ)ကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာအတွက် အမှန်တကယ်လိုအပ်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်စေရန် ရည်ရွယ်၍ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နှင်းအိထွေး မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများအား ရှင်းလင်းပြောကြားသည်။ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များအား ရှင်းလင်းပြောကြားပြီး ကျေးရွာမြစိမ်းရောင်စီမံကိန်းအဖွဲ့ဝင်များထံ လည်ပတ်ရန်ပုံငွေကျပ် ၂၉ ဒသမ ၄ သန်းအား လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရေချို(ရွာမ) ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၀ဦး ငွေကျပ် ၁၈ ဒသမ၉သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ဦး ငွေကျပ် ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၃ဦးငွေကျပ် ၅ ဒသမ ၁သန်း၊ သက်မွေးလုပ်ငန်းလုပ်ကိုင်သူ ၁ဦး ငွေကျပ် ၀ ဒသမ ၄သန်း စုစုပေါင်း ၆၇ဦး၊ ငွေကျပ် ၂၉ ဒသမ ၄သန်းအား အသီးသီးထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ (၄၆၉)

• မန္တလေးမြို့တော် သန့်ရှင်းရမည်။
• မန္တလေးမြို့တော် သာယာလှပရမည်။
• မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

# တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) တိုင်းရင်းဆေးပညာလေ့ကျင့်သင်ကြားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် နီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး နိုဝင်ဘာ ၅**

တိုင်းရင်းဆေးပညာ လေ့ကျင့်သင်ကြားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် နီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) ဘွဲ့နှင်းခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဒေါက်တာအေးထွန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီနာယကနှင့် ဥက္ကဋ္ဌ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်းက အဖွင့်အမှာစကားကိုလည်းကောင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စုစုဒွေးက ကျေးဇူးတင်စကားကိုလည်းကောင်း ပြောကြားခဲ့ကြောင်း၊ တိုင်းရင်းဆေးပညာလေ့ကျင့်သင်ကြားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် နီးနှောဖလှယ်ပွဲတွင် သင်ကြားရေး၊ လက်တွေ့အသုံးချမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် ကဏ္ဍ၄ရပ်/နယ်ပယ် ၄ ခုကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**







## ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်လောင်းတို့အား လစဉ်ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ ဆောင်ရွက်

**တံတားဦး နိုဝင်ဘာ ၅**

တံတားဦးခရိုင် တံတားဦးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေးကျန်းမာရေးဌာနတွင် ရပ်ကွက်နှင့်ကျေးရွာများရှိ မွေးကင်းစအရွယ်မှ အသက်(၂)နှစ်အောက် ကလေးငယ်များအား လစဉ်ပုံမှန်ကာကွယ်ဆေးထိုးခြင်းနှင့် တိုက်ကျွေးခြင်းလုပ်ငန်းကို ယနေ့နံနက် ၉ နာရီက မြို့နယ်သံဃာ့ဆေးကုသဆောင်၌ ကာကွယ်ဆေးများထိုးနှံ တိုက်ကျွေးပေးလျက်ရှိသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးရာတွင် ကျန်းမာရေးဝန်ထမ်းများက တံတားဦးမြို့ပေါ်ရှိ ရပ်ကွက်နှင့် ကျေးရွာများမှ မွေးကင်းစအရွယ်မှ အသက် ၂ နှစ်အောက်အထိ ကလေးငယ်များအား လစဉ်ပုံမှန်ကာကွယ်ဆေးများဖြစ်သည့် ကလေးငယ်များအား ပေါင်ချိန်ပေးခြင်း၊ အသက်အရွယ်အလိုက် ဘီးစီဂျီဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင် အသားဝါဘီ၊ ဂျပန်ဦးနှောက်ရောင်၊ ဦးနှောက်အမြှေးပါးရောင်(ငါးမျိုးစပ်ကာကွယ်ဆေး)၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗွီ)၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ(ရိုတာကာကာကွယ်ဆေး)၊ ဝက်သက်ဂျိုက်သိုးရောဂါကာကွယ်ဆေး(၉)မျိုးကိုထိုးနှံပေးကြပြီး၊ ပိုလီယိုအကြောသေရောဂါကာကွယ်ဆေးကိုလည်း၊ တိုက်ကျွေးပေးကြောင်းနှင့် ကိုယ်ဝန်ဆောင်မိခင်လောင်းများအား မေးခိုင်-ဆုံဆို့နာကာကွယ်ဆေးများကို ထိုးနှံပေးကြကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှသိရသည်။

**(အောက်ပုံ)**

တံတားဦးမြို့နယ် မြို့ပေါ်ရပ်ကွက်များဖြစ်သော အမှတ်(၁၊ ၂ ၊ ၃)တို့မှ ကလေးငယ် ၇၃ ဦးနှင့် ကိုယ်ဝန်ဆောင်မိခင်လောင်း ၁၆ ဦးအား ကာကွယ်ဆေးများကို ထိုးနှံတိုက်ကျွေးပေးခဲ့ကြောင်းနှင့် ကျေးရွာစုရပ်များတွင် ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းနှင့် အသိပညာပေးခြင်းတို့ကို လစဉ်လဆန်း ၁ရက်နေ့မှစတင်၍ ကျေးလက်ကျန်းမာရေးဌာန၊ သက်ဆိုင်ရာကျေးလက်ကျန်းမာရေးဌာနခွဲများတွင်လည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**



စာအုပ်စာပေ လူ့မိတ်ဆွေ။

## ၂၀၂၄ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပ

**မိတ္ထီလာ နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းမှ ၂၀၂၄ ခုနှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးက အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်ပညာရေးမှူး ဒေါ်မော်မော်က ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပရာ မိတ္ထီလာခရိုင်အတွင်းမှ ၂၀၂၄ ခုနှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ၆ ဘာသာ ဂုဏ်ထူးဖြင့်အောင်မြင်သူ ၃၆ ဦး၊ ၅ ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ ၇၆ ဦးတို့အား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုး၊ ခရိုင်အမျိုးသမီးရေးရာ စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းသင်းခိုင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ ၊ ခရိုင်ပညာရေးမှူးဒေါ်မော်မော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



**(အပေါ်ပုံ)**

**(၄၅၃)**

## ရခိုင်ယူနိုက်တက်ကို နှစ်ကျော့စလုံး ဂိုးပြတ်နိုင်ခဲ့သည့် မဟာယူနိုက်တက်

နိုဝင်ဘာ ၅ ရက် ညနေက သုဝဏ္ဏကွင်း၌ ကစားခဲ့သည့် မဟာယူနိုက်တက် အသင်းနှင့် ရခိုင်ယူနိုက်တက် အသင်းတို့ပွဲတွင် မဟာယူနိုက်တက်အသင်းက ၅-၁ ဂိုးဖြင့် အနိုင်ရခဲ့သည်။

မဟာယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ပွဲချိန် ၂၈ မိနစ်တွင် နေလင်းစိုး၊ ပွဲချိန် ၃၁၊ ၄၃ မိနစ်များတွင် ပက်ထရစ်၊ ပွဲချိန် ၄၅ ၊ ၅၄ မိနစ်များတွင် ကျော်စွာမင်းတို့က အသီးသီးသွင်းယူပေးခဲ့ကြသည်။ ရခိုင်ယူနိုက်တက်အသင်းအတွက် ချေပဂိုးကို ပွဲချိန် ၆၆ မိနစ်တွင် အောင်ကျော်အေးက သွင်းပေးခဲ့သည်။

မဟာယူနိုက်တက်အသင်းသည် ပထမအကျော့တွင် ရခိုင်ယူနိုက်တက်အသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ဒုတိယအကျော့တွင် ၅-၁ ဂိုးဖြင့် ထပ်မံအနိုင်ရခြင်းဖြစ်သည်။

**(အောက်ပုံ)**

(NGB)

၀-၀-၀-၀



# နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ အရေးကြီးနေရာများအား ဖောက်ခွဲဖျက်ဆီးခြင်းများပြုလုပ်ရန် အကြမ်းဖက်သမားများ လွှတ်တင်ခဲ့သည့် Fixed Wing များအားလုံး ဟန့်တားနိုင်ခဲ့



နေပြည်တော် နိုဝင်ဘာ ၅

နေပြည်တော်ကောင်စီနယ်မြေရှိ အရေးကြီးအဆောက်အဦများနှင့် နေရာဌာနများအား ဖောက်ခွဲဖျက်ဆီးရန်နှင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေရန် ယုတ်မာကောက်ကျစ်သည့် အကြံအစည်များဖြင့် အကြမ်းဖက်သမားများသည် အရှေ့ဘက်အရပ်မှ ယနေ့နံနက်ပိုင်းက လယ်ဝေးမြို့နယ်အတွင်းသို့ ဒေသန္တရလုပ် Fixed Wing အချို့ စမ်းသပ်ပစ်လွှတ်ခြင်းဖြင့် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များ လုပ်ဆောင်နိုင်ရန် ကြံစည်ကြိုးပမ်းလာခဲ့သည်။



နေပြည်တော်ကောင်စီနယ်မြေရှိ အရေးကြီးနေရာများအား ဖောက်ခွဲဖျက်ဆီးခြင်းများပြုလုပ်ရန် အကြမ်းဖက်သမားများလွှတ်တင်ခဲ့သည့် Fixed Wing များအားလုံး ဟန့်တားနိုင်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

ထိုသို့ ကြံစည်ကြိုးပမ်းလာခဲ့မှုကို နေပြည်တော်ကောင်စီနယ်မြေအတွင်း လေကြောင်းလုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသည့် လေကြောင်းရန်ကာကွယ်ရေး တပ်ဖွဲ့များက လေကြောင်းရန် ကာကွယ်ရေးစနစ်များဖြင့် ကြိုတင်ထောက်လှမ်းသိရှိခဲ့ရပြီး အဆိုပါ Fixed Wing များအားလုံးကို လက်ဦးမှုရယူဟန့်တားနိုင်ခဲ့သဖြင့် Fixed Wing သုံးစင်းသည် လမ်းခရီးတွင် ပျက်ကျပျက်စီးခဲ့သည်။

ထိုသို့ လေကြောင်းရန်ကာကွယ်ရေးစနစ်များ၏ ပစ်ချဟန့်တားမှုကြောင့် Fixed Wing များ ပျက်စီးကျရောက်မှုများကို ဒေသခံပြည်သူများက သတင်းပေးပို့လာခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အများပြည်သူ အန္တရာယ် မဖြစ်စေရေးအတွက် လိုအပ်သည့် ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးမြို့နယ် ကြောင်ရေကျေးရွာအနီး တစ်စင်း၊ ကြံခင်းစုကျေးရွာအနီး တစ်စင်းနှင့် နန္ဒင်းအိုင်ကျေးရွာအနီး တစ်စင်း တို့ကို ဗုံးသီးများနှင့်အတူ ရှာဖွေတွေ့ရှိသိမ်းဆည်းနိုင်ခဲ့ပြီး ပြည်သူများ အန္တရာယ်မဖြစ်စေရေး ဗုံးသီးများကို စနစ်တကျဖောက်ခွဲဖျက်ဆီးခဲ့ကြောင်းနှင့် Fixed Wing များ စတင်ပစ်လွှတ်သည့် နေရာများကို နည်းပညာအကူအညီဖြင့် ဖော်ထုတ်နိုင်ခဲ့ပြီး အဆိုပါနေရာများကို လုံခြုံရေး တပ်ဖွဲ့ဝင်များက လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။





ဖြစ်စဉ်များတွင် လူနှင့်အဆောက်အဦများ ထိခိုက်ပျက်စီးမှု မရှိခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# MNDAA အကြမ်းဖက်သောင်းကျန်းသူများက နမ့်လန်မြို့နယ်အတွင်းရှိ ကျေးရွာများကို လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကလေးငယ်နှစ်ဦး ထိခိုက်ဒဏ်ရာများရရှိ





ဒဏ်ရာရရှိခဲ့သည့် ကလေးငယ်များအား တာဝန်ရှိသူများက သွားရောက်အားပေးပြီး ထောက်ပံ့ငွေများပေးအပ်စဉ်။





အကြမ်းဖက်သောင်းကျန်းသူများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် နေအိမ်များ ပြိုကျပျက်စီးခဲ့မှုပုံများကို တွေ့မြင်ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်လန်မြို့နယ် မန်ခိုင်ကျေးရွာနှင့် ပန်ဟိုက်ကျေးရွာများကို MNDAA အကြမ်းဖက် သောင်းကျန်းသူများက ယနေ့မွန်းလွဲပိုင်းတွင် လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ကလေးငယ်နှစ်ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ MNDAA အကြမ်းဖက် သောင်းကျန်းသူများသည် နမ့်လန်မြို့နယ် မန်ခိုင်ကျေးရွာနှင့် ပန်ဟိုက်ကျေးရွာများအတွင်းသို့ ယနေ့မွန်းလွဲ ၁ နာရီ ၁၀ မိနစ်ခန့်က လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အသက် ၅ နှစ်နှင့် အသက် ၉ နှစ်အရွယ် ကလေးငယ်နှစ်ဦး ဗုံးစထိမှန် ဒဏ်ရာများရရှိခဲ့ပြီး ဒဏ်ရာရရှိခဲ့သည့် ကလေးငယ်များအား နမ့်လန်မြို့ရှိ တိုက်နယ်ပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက် ရှိကြောင်းနှင့် တာဝန်ရှိသူများက လိုအပ်သည်များ သွားရောက်ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

MNDAA အကြမ်းဖက်သောင်းကျန်းသူများသည် စစ်ရေးနှင့် မသက်ဆိုင်ဘဲ အေးချမ်းစွာနေထိုင်လျက်ရှိသည့် မြို့/ရွာများအတွင်း ယခုကဲ့သို့ ဒေသခံပြည်သူများ အသက်အန္တရာယ် ထိခိုက်သေကျေစေရန်ရည်ရွယ်၍ ယုတ်မာရက်စက်စွာ ပစ်ခတ်တိုက်ခိုက်မှုသည် စစ်ရာဇဝတ်မှုကျူးလွန်ခြင်းဖြစ်ပြီး ဒေသခံပြည်သူများက ၎င်းတို့၏ လုပ်ရပ်များကို ရွံရှာစက်ဆုပ်၍ ပြင်းထန်စွာကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက် ချေမှုန်းရေးစစ်ဆင်ရေး (Counter- Terrorism Operation) ကို ပြည်သူများနှင့် ပူးပေါင်း၍ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အင်တောမြို့၌ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆုချီးမြှင့်နိုင်ရေးကွင်းဆင်းစစ်ဆေး

အင်တော နိုဝင်ဘာ ၅

ရှမ်းပြည်နယ် အင်တောမြို့ အုံးကွဲကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲကို သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းများ (Clean and Green School Award)ဆုချီးမြှင့်နိုင်ရေးအတွက် ဆုရွေးချယ်ရေး ကော်မတီအဖွဲ့ဝင်များက ယနေ့နံနက် ၁၁ နာရီခွဲတွင် တတိယအကြိမ် ကွင်းဆင်းစစ်ဆေးသည်။

ဆုရွေးချယ်ရေးကော်မတီ အတွင်းရေးမှူး တောင်ကြီးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလွှမ်းမိုးထက်နှင့် အဖွဲ့ဝင်များက အင်တောမြို့ အုံးကွဲကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း၏ သန့်ရှင်းရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် အခြေခံမူလေးချက်၊ အညွှန်းကိန်း ၁၇ ချက်နှင့်အညီ ဆောင်ရွက်ထားရှိမှုများကို ကွင်းဆင်းစစ်ဆေးရာ ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ကျောင်းအတွင်း Clean & Green School နှင့် စပ်လျဉ်းပြီး အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

အင်တော( ပြန်/ဆက်)



# ဒုတိယအကြိမ်မြောက် ပူဇော်ကန်တော့ပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၅**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စဏမဟီရပ်၊ မြေနီကျင်းနိဗ္ဗာန်ရိပ်သာကျောင်းတိုက်တွင် နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီက အဆိုပါ ကျောင်းတွင် ဆရာတော် ဘဒ္ဒန္တကောဝိဒနှင့် ဘဒ္ဒန္တအာစာရတို့အား ဒုတိယအကြိမ်မြောက် ပူဇော်ကန်တော့ပွဲ ကျင်းပပြီးစီးခဲ့သည်။



ရှေးဦးစွာ အခမ်းအနားတက်ရောက်လာကြသည့် ဆရာ၊ ဆရာမကြီးများက သီတင်းကျွတ်အခါသမယနှင့်အညီ ဆရာတော်နှစ်ပါးနှင့် ဧည့်ပရိသတ်တို့က နမောတဿသုံးကြိမ် ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ခဲ့ကြသည်။ ထို့နောက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တကောဝိဒကိုယ်စား ညီတော်ဘဒ္ဒန္တအာစရထံမှ ငါးပါးသီလနှင့် ဩဝါဒခံယူဆောက်တည်ကြသည်။

ဆက်လက်၍ အငြိမ်းစားကျောင်းအုပ်ကြီး ဦးစိုးဝင်းမောင်က ပူဇော်ပွဲကျင်းပရခြင်းအကြောင်း ရှင်းလင်းပြီး ဆရာတော်နှစ်ပါးတို့အား ဝတ္ထုပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။ ထို့နောက် ဆရာတော်၏ ပူဇော်ပွဲလာ ဆရာ၊ ဆရာမများမှ အမှတ်တရစကားများပြောကြား၍ အခမ်းအနားအား ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ် ရွတ်ဆို၍ ရုပ်သိမ်းခဲ့သည်။

အခမ်းအနားအပြီးတွင် ဆရာကြီး ဦးစိုးဝင်းမောင်နှင့် ဆရာကြီး ဦးထွန်းမြင့်(အိုးဝေ-မြေနီကျင်း)တို့အား ဆရာ၊ ဆရာမများက ပူဇော်ကန်တော့ကြပြီး ဆရာတော်မိသားစုနှင့် ဦးခင်မောင်လွင်မောင်နှမများ(ခိုင်ရွှေဝါအသုပ်ဆိုင်)တို့က အခမ်းအနားတက်ရောက်လာသူတို့အား အမှတ်တရလက်ဆောင်များပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (၀၄၉)**



# မဟာအောင်မြေမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယအကြိမ်မြောက် စုပေါင်းဘုံကထိန် ကျင်းပ

**မန္တလေး နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ စုပေါင်းခင်းကျင်းလှူဒါန်းသော ဒုတိယအကြိမ်မြောက် မဟာဘုံကထိန်တော် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မဟာမြိုင် (၂)ရပ်ကွက်ရှိ မဟာဝိဇယကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ ပုရိမဝါမှ ထမြောက်တော်မူကြသော မဟာဝိဇယကျောင်းတိုက်မှ နာယကစာချစာသင်ရဟန်းသာမဏေ(၃၇)ပါးတို့ ကြွရောက်ချီးမြှင့်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်မြင့်ဦးနှင့်ဇနီး ဒေါ်ဌေးဌေးလွင်၊ အဖွဲ့ဝင်(၁)ဗိုလ်မှူး ဆွေလင်းအောင်၊ အဖွဲ့ဝင်(၂)ဦးထွန်းထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မဟာမြိုင်(၂)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးအောင် အမှူးပြုသော ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ဖိတ်ကြားထားသော ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ပရိတ်သတ်တို့က မဟာဝိဇယကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဝိစာရထံမှ သီလခံယူဆောက်တည်ပြီး သံဃာတော်များ ရွတ်ဖတ်ပူဇော်သော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ထို့နောက် မဟာဝိဇယဆရာတော်ကြီးအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်ဇနီးတို့မှ ကထိန်တော်သင်္ကန်းကြီး ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ မြို့နယ်တာဝန်ရှိ ပုဂ္ဂိုလ်များက ပင့်သံဃာတော်များအား ကထိန်လျာ အခြံအရံပစ္စည်းများ လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် မဟာဝိဇယဆရာတော်ကြီးထံမှ ရေစက်ချအနုမောဒနာ တရားနာယူကြည်ညိုပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ကာ အခမ်းအနားရုပ်သိမ်းသည်။

အဆိုပါ မဟာဘုံကထိန်တော်တွင် စုပေါင်းလှူဒါန်းငွေသားနှင့် ပစ္စည်းတန်ဖိုးငွေကျပ် ၂၇၁၈၂၄၅၀ ဖြစ်ကြောင်း သိရသည်။

**(အပေါ်ယာပုံ)**

(၀၅၁)

# မြဇေယျာကုသိုလ်ဖြစ် ဆေးခန်းဖွင့်လှစ်၍ အထွေထွေရောဂါများ စမ်းသပ်ကုသပေးလျက်ရှိ

**မန္တလေး နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ မဟာဝိဇိတာရာမတိုက်၊ စစ်ကိုင်းပရိယတ္တိကျောင်း၌ တောင်သာတိုက်သစ်ကျောင်းဆရာတော်ဘဒ္ဒန္တပဏ္ဍိစ္စ၊ ခေမာရာမညောင်ရမ်းကျောင်းဆရာတော် ဘဒ္ဒန္တခေမာသီရိ၊ စစ်ကိုင်းကျောင်းဆရာတော် ဘဒ္ဒန္တသောဘိတ(ဝိနယဝိဒူ အင်္ဂုတ္တရနိကာယဝိဒူ)အရှင်သူမြတ်များ ဦးစီး၍ဖွင့်လှစ်သော မြဇေယျာကုသိုလ်ဖြစ်ဆေးခန်းအား အပတ်စဉ် စနေနေ့ နံနက်ပိုင်းတွင် ဖွင့်လှစ်၍ အထွေထွေရောဂါများ စမ်းသပ်ကုသပေးလျက်ရှိသည်။ **(အောက်ပုံ)**



အဆိုပါ ကုသိုလ်ဖြစ်ဆေးခန်းတွင် လာရောက်ပြသကြသော ဆရာတော်၊ သံဃာတော်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်များ ဦးရေ(၂၀၀)ခန့် လာရောက်ပြသလျက်ရှိကြောင်း၊ ကုသိုလ်ဖြစ်ဆေးခန်းတွင် အထွေထွေရောဂါကုဆရာဝန်နှင့် သူနာပြုများက စမ်းသပ်ကုသမှုပေးလျက်ရှိကြပြီး စေတနာလုပ်အားရှင်များကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနေကြကြောင်းနှင့် စဉ့်ကိုင်မြို့နယ်၊ အမရပူရမြို့နယ်၊ ကုသိုလ်ဖြစ်ဆေးခန်း အနီးပတ်ဝန်းကျင်ရှိ ရပ်ကွက်များမှ လူနာများ လာရောက်စမ်းသပ်ကုသမှုခံယူနေကြကြောင်း စစ်ကိုင်းပရိယတ္တိကျောင်းဆရာတော်က မိန့်ကြားသည်။

မြဇေယျာကုသိုလ်ဖြစ်ဆေးခန်းအတွက် ပါဝင်လှူဒါန်းကြသော စေတနာရှင်၊ ကုသိုလ်ရှင်၊ ပါရမီရှင်များအနေဖြင့် တောင်သာတိုက်သစ်ကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စ၊ ဖုန်းနံပါတ် ၀၉-၂၀၂၃၄၂၇၊ ခေမာရာမညောင်ရမ်းကျောင်းဆရာတော်ဘဒ္ဒန္တခေမာသီရိ၊ ဖုန်းနံပါတ် ၀၉-၄၀၂၅၇၉၉၀၀နှင့် စစ်ကိုင်းပရိယတ္တိကျောင်းဆရာတော်ဘဒ္ဒန္တသောဘိတ၊ ဖုန်းနံပါတ်၀၉-၂၀၅၃၀၁၂တို့ထံ ဆက်သွယ်၍ ကုသိုလ်ယူလှူဒါန်းမှုပြုဆောင်ရွက်နိုင်ကြောင်း သိရသည်။

(၀၅၃)

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ရေချွေတာသုံးစွဲရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင် ပြသ

**ပခုက္ကူ နိုဝင်ဘာ ၅**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်အတွင်းရှိ ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတများ တိုးပွားစေရေးရည်ရွယ်၍ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့ မြေစိုက်နံရံကပ်ပြဘုတ်၌ နိုဝင်ဘာ ၄ ရက် နံနက် ၉ နာရီက လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ရေချွေတာသုံးစွဲရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်ပြသသည်။

အဆိုပါ အသိပညာပေးနံရံကပ်စာစောင်တွင် လူကုန်ကူးမှုဖြစ်ပေါ်ရသည့်အကြောင်းရင်းနှင့် ရည်ရွယ်ချက်များ၊ လူကုန်ကူးမှုအမျိုးအစားများနှင့် အသုံးပြုသည့်နည်းလမ်းများ၊ လူကုန်ကူးမှုပြုလုပ်သူများအား အရေးယူနိုင်သည့် ပြစ်မှုပြစ်ဒဏ်များ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနည်းလမ်းများနှင့် ရေချွေတာသုံးစွဲရေးဆိုင်ရာ အသိပညာပေးစာစောင်များ၊ ဆောင်ပုဒ်များနှင့် ကာတွန်းရုပ်ပြပုံများ စနစ်တကျပြသရာ ပြည်သူများ စိတ်ဝင်စားစွာ လေ့လာဖတ်ရှုကြသည်။

ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အသိပညာဗဟုသုတ တိုးပွားစေရေးအတွက် မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာ၏ နေ့ထူးနေ့မြတ်ဆိုင်ရာ အကြောင်းအရာများ၊ နိုင်ငံတော်အစိုး၏ တိုင်းကျိုးပြည်ပြု လုပ်ငန်းဆောင်ရွက်မှုများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ သိကောင်းစရာအကြောင်းအရာများကို လစဉ်ပုံမှန်ပြောင်းလဲပြသပေးလျက်ရှိကြောင်း သိရသည်။

(၃၄၀)

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## သနပ်ခါးတုံးလေး

* ကျောက်ပြင်ပေါ်
ကြိတ်ကြိတ်ပြီးတင်ကာ သွေး
အဝါရောင်အဆင်း ရနံ့မွှေး ။

* ပါးပြင်ပေါ်တင်
ပါးကွက်ကြားလေး ယဉ်လို့လှ
မြင်သူတကာ အေးမြ ။

* မွှေးပါစေ
အများသူ ငါလုဖို့
ခန္ဓာကိုယ်အခေါက်ထုထု
ပွန်းပဲ့ကာ ပါးပါး သွား။ ။

လူပြာထက်



# သတင်းပဒေသာ

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး ကွင်းဆင်းစစ်ဆေး

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ ရပ်ကွက်၊ ကျေးရွာများတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး ကွင်းဆင်းစစ်ဆေးခြင်းကို နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမင်းမင်းဦးနှင့် သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပါဝင်သောအဖွဲ့သည် ဇဝနသီဒ္ဓိရပ်ကွက်တွင် မီးဘေးကြိုတင်ကွယ်ရေး စစ်ဆေးအကြံပေးခြင်း၊ အရေးပေါ်မီးသတ်တယ်လီဖုန်းနံပါတ်များ ဖြန့်ဝေပေးခြင်း၊ မီးဖိုအသုံးပြုသည့် နေအိမ်များနှင့် အခြားမီးသုံးစွဲသည့် နေအိမ်များအား မီးများစနစ်တကျသုံးစွဲရန်နှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ထားရှိရန် လိုအပ်ချက်များအား လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေး ဟောပြော

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခိုလမ်မြို့တွင် သစ်တောဦးစီးဌာနမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်တရားမဝင် သစ်ထုတ်ယူမှုလျှော့နည်းပပျောက်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၃ နာရီက ဟိုင်းလိုက်ကျေးရွာအုပ်စု၊ (၂၉)မိုင်ကျေးရွာ စာသင်ကျောင်းတွင် ကျင်းပရာခိုလမ်မြို့အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မြင့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး လွိုင်လင်ခရိုင် သစ်တောဦးစီးဌာန၊ တောအုပ်ကြီး ဦးဇော်မင်းအောင်မှ မီးခိုးမြူငွေ့ အကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ တရားမဝင် သစ်ထုတ်ယူမှုမဖြစ်ပေါ်စေရေးအကြောင်းအရာများကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးလျက်ရှိ

မင်းလှမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ ၂၀၂၄ ခုနှစ်၊ ဆောင်းသီးနှံစိုက်တောင်သူများ စိုက်ပျိုးရေးလုပ်ငန်းများ အဆင်ပြေ ချောမွေ့စွာလုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးလျက်ရှိရာ နိုဝင်ဘာ ၄ရက် နံနက်ပိုင်းက ရှမ်းကုန်းကျေးရွာအုပ်စုကို ဆက်လက်ထုတ်ချေးပေးလျက်ရှိသည်။ မင်းလှမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၄ အုပ်စုမှ ဧကပေါင်း ၅၄၂၄၃ ဧကအတွက် ၂၀၂၄ ခုနှစ်၊ ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေပေါင်း ငွေကျပ် ၅၄၂၄၃၀၀၀၀၀ အား ဒီဇင်ဘာလကုန်အထိ အပြီးသတ်ထုတ်ချေးပေးရန် လျာထားကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျန်းမာရေးစမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ ဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွားများအား လစဉ် ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးမှုကို ယမန်နေ့က ကျန်းမာရေးစောင့်ရှောက်မှုကော်မတီအဖွဲ့မှ ဆရာဝန်နှင့်သူနာပြုများက ကျန်းမာရေးစမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့ရာ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီအဖွဲ့မှ ဒေါက်တာတင်မောင်ဝေနှင့်အဖွဲ့က ကလေးမြို့ ဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွားများအား ကျန်းမာရေးအတွက် စမ်းသပ်စစ်ဆေးပေးပြီး လိုအပ်သောဆေးဝါးများ တိုက်ကျွေးရန် လမ်းညွှန်မှုပေးခြင်းနှင့် ဆေးရုံ၊ ဆေးခန်းများသို့ လွှဲပြောင်းကုသရန် လိုအပ်သော အဘိုး၊ အဘွားများကို ပို့ဆောင်ကုသနိုင်ရေးအတွက် လမ်းညွှန်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စုပေါင်းမဟာဘုံကထိန် ဆက်ကပ်လှူဒါန်း




**မန္တလေး နိုဝင်ဘာ ၅**

မန္တလေး၊ ဈေးချိုတော် သရီဖီ C ရုံ၊ မြေညီထပ်မိသားစုများ၏ (၃၁)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို နိုဝင်ဘာ ၄ ရက်က အဆိုပါ C ရုံ မြေညီထပ်တွင် ကျင်းပသည်။

လှူဒါန်းမှုအဖြစ် ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့ရှိ ဓမ္မစကြာရိပ်သာကျောင်းတိုက် ဆရာတော် အရှင်ကောသလ္လသာ သနတက္ကသီလဓမ္မစရိယ၊ B.A Buddhism ထံသို့ ပေ ၄၀-၈၀ ကျောင်းဆောင်ဆောက်လုပ်လှူဒါန်းရန်အတွက် ငွေကျပ်သိန်း ၅၀၊ ရဟန်းတော် ၃၀ပါး ကထိန်သင်္ကန်းကပ်လှူခြင်းနှင့်လှူဖွယ်ပစ္စည်းများ လှူဒါန်းသည်။

အဆိုပါ အခမ်းအနားသို့ ဈေးချိုတော်မှ တာဝန်ရှိသူများနှင့် သရီဖီရုံမြေညီထပ်မိသားစုများက လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်-၈)**

## ဆဌမအကြိမ် စုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာအောင်ပွဲ အထူးဓမ္မသဘင် ကျင်းပမည်

**ပုသိမ်ကြီး နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ အောင်မြေမန္တလာနိုင်ငံ့ဝန်ထမ်းအိမ်ရာမိသားစု၏ ဆဌမအကြိမ် စုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာအောင်ပွဲ အထူးဓမ္မသဘင်အခမ်းအနားကို နိုဝင်ဘာ ၁၄ ရက် ကြာသပတေးနေ့ ညနေ ၆ နာရီတွင် မန္တလာမြေခန်းမ(ဓမ္မာရုံ)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အထူးဓမ္မသဘင် အခမ်းအနားတွင် ပြည်ကျောင်းတိုက်၊ ပုလဲပရဟိတကျောင်း အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်ဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တပညာဝံသ(ပုလဲဆရာတော်)က တရားရေအေး အမြိုက်ဆေးတိုက်ကျွေးမည်ဖြစ်ရာ တရားနာကြွရောက်ကြပါရန် အထူးဓမ္မသဘင် ကုသိုလ်ရှင် နှစ်ဘက်မိဘများကို အမှူးထား၍ ဦးနေဝင်းထွန်း+ဒေါ်ခိုင်မျိုးသွယ်၊ (သမီး) မမေမြတ်နိုးသွယ် မိသားစုများက ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။

(ဝ၅၃)

## မိုးပေါ်ကျဘုံကထိန်တော်အတွက် ပဒေသာပင် လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၅**

မန္တလေး၊ တောင်စလင်းတိုက်သစ်၊ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တတိက္ခ၊ (အဘိဓဇမဟာရဋ္ဌဂုရု) ဦးဆောင်သည့် ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်သို့ ပဒေသာပင်နှင့် မိုးပေါ်ကျများ လှူဒါန်းကုသိုလ်ပြုလျက်ရှိနေသည်။ ပဒေသာပင်တစ်ပင်လျှင် ငွေကျပ်တစ်သိန်းတစ်သောင်း၊ မိုးပေါ်ကျ တစ်ပါးလျှင် ငွေကျပ် ခြောက်သောင်း လှူဒါန်းရေစက်ချရုံဖြင့် ကထိန်အလှူဒါယကာ၊ မိုးပေါ်ကျကထိန်အလှူဒါယိကာမများ ဖြစ်နိုင်သည်။

သို့ပါ၍ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရဲမွန်တောင်ရပ်နေ အလှူရှင် ဒေါ်နန်းမြင့်မြင့်စိန် မိသားစုက ပဒေသာပင်လေးပင်နှင့် အတူ မိုးပေါ်ကျတစ်ပါးစာ စုစုပေါင်းငွေကျပ် ငါးသိန်းအား ယမန်နေ့က လှူဒါန်းကုသိုလ်ပြုရာ ဗုဒ္ဓဘာသာပြန့်ပွားရေးအသင်းချုပ်ဥက္ကဋ္ဌကိုယ်စား မွန်ပြည်နယ်အသင်းခွဲအမှတ်(၃၂၂)ဥက္ကဋ္ဌ ဦးမြင့်စန်းနှင့်အဖွဲ့က လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။ **(အောက်ပုံ)**

အလားတူ အလှူရှင် မန္တလေး၊ ချမ်းအေးသာစံမြို့နယ်နေ အလှူရှင် မိဘနှစ်ပါးနှင့်(အစ်ကို)ကိုတင်စိုးတို့အား ရည်စူး၍ ဒေါ်အေးအေးနီ၊ (သမီး)ငြိမ်းစန္ဒီထက် မိသားစုက ပဒေသာပင်တစ်ပင်၊ ဦးအောင်ဝင်း+ ဒေါ်တင်တင်အုန်း၊ (သမီး) မအိငုံဖူး မိသားစုကပဒေသာပင် သုံးပင်၊ ဒေါက်တာနေဇော်ထွန်း+ ဒေါက်တာဆုဝေဝေဖြိုး၊ (သား) မောင်ရှိုင်းဘုန်းမြတ်ဖြိုးမိသားစုက ပဒေသာပင်တစ်ပင်အသီးသီး လှူဒါန်းကြကြောင်း သိရသည်။

(ကဆ)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ







## ဘုံကထိန်တော်အတွက် လှူဒါန်းကုသိုလ်ပြု

**မန္တလေး နိုဝင်ဘာ ၅**

နယ်စပ်တောင်တန်းဒေသ (၁၇)ကြိမ်မြောက် ဘုံကထိန်တော် ကျင်းပရေး ပဓာနနာယက ဆရာတော်၊ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ် နာယကဆရာတော်ဘဒ္ဒန္တတိက၊ (အဘိဓဇမဟာရဋ္ဌဂုရု)ဦးဆောင်သော (မန္တလေး) အသင်းရုံးသို့ အလှူရှင် မန္တလေး၊ ကွဲဆည်ကန်ရပ်နေ ဦးလှထွန်းအောင်+ဒေါ်ခင်မေရီ၊ (မြေး)မြတ်ဘုန်းခန့်ကိုကို၊ မဆုလတ်ရတနာ မိသားစုက ကထိန်ပဒေသာပင် ၁၀ပင်အတွက် ငွေကျပ် ၁၁သိန်း၊ ဒေါ်မိုးမြတ်ခိုင်၊ (သား)မောင်သက်အောင်နိုင် မိသားစုက ငွေကျပ် တစ်သိန်းတစ်သောင်းဖြင့် ပဒေသာပင်တစ်ပင်၊ ကိုစောအောင်+ မနှင်းအိဝေ မိသားစုက ငွေကျပ်သုံးသိန်းဖြင့် မိုးကျပဒေသာပင် ၅ ပင်တို့အား စုပေါင်း၍ ငွေကျပ် ၁၉၅၀၀၀၀ ကို ယမန်နေ့က စုပေါင်းလှူဒါန်းကြရာ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်ရုံးဥက္ကဋ္ဌ ဦးလှဝင်းနှင့်အဖွဲ့က လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

အလားတူ အလှူရှင် မန္တလေး၊ ချမ်းမြသာစည်မြို့နယ်နေ ဦးထွန်းအား ရည်စူး၍ ဒေါ်တင်အုန်းမြင့် မိသားစုက ပဒေသာပင် တစ်ပင်၊ ဦးဇော်ဇော်ထွန်း+ဒေါ်နီနီအေး မိသားစုက ပဒေသာပင်နှစ်ပင်၊ ဦးဇော်ဇော်နိုင်+ဒေါ်ဖြူဖြူဝင်း မိသားစုက ပဒေသာပင်တစ်ပင် အသီးသီး လှူဒါန်းကြကြောင်း သိရသည်။

(ကဆ)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

မျက်စိလျှကြ မျက်ကြည်ရ၊ မြတ်သည့်လှူဒါန။

# တန်ဆောင်တိုင်အလှူမြ်

မြန်မာနိုင်ငံ၏ ရာသီဆယ့်နှစ်လတွင် တန်ဆောင်မုန်းလသည် ရှစ်လမြောက်ဖြစ်ပါသည်။ မိုးနှောင်း၊ ဆောင်းဦးရောက်လာသော ကာလ၊ မိုးလေကင်းစင်ပြီး ရာသီဥတု အေးချမ်းသာယာသော 'လ'ဖြစ်ပါသည်။ တန်ဆောင်မုန်းလ၏ အဓိပ္ပာယ်မှာ 'မီးရှူးမီးတိုင်၊ ဆီမီးတို့ကို ထွန်းလင်းတောက်ပစေသောလ၊ ထွန်းညှိသောလ၊ မီးထွန်းလ'ဟူ၍ ဖွင့်ဆိုခဲ့ကြပါသည်။

တန်ဆောင်မုန်းလသည် 'တန်'ပုဒ်သည် 'တန့်လျှပ်'၊ 'သက်တန့်'ဆိုသည့်သဘော 'အလင်းရောင်'ဟု အဓိပ္ပာယ်ရသည်။ 'ဆောင်'ပုဒ်သည် 'သယ်ဆောင်၊ ထမ်းဆောင်'စသည်တို့ကဲ့သို့ သယ်ပိုးထမ်းဆောင်သည်ဟူသော အဓိပ္ပာယ်ရသည်။ 'မုန်း'ပုဒ်သည် 'ချေမှုန်း၊ ဖျက်မှုန်း' စသည်တို့ကဲ့သို့ ခြေဖျက်ခြင်းသဘော၊ နှံ့သာမှုန်၊ ပန်းချီဆေးမှုန် စသည်တို့တွင် သုံးသကဲ့သို့ ပွားများခြင်းသဘောဆောင်ကြောင်း ဖွင့်ဆိုကြပါသည်။ အင်းဝခေတ်တွင် 'တန်ဆောင်မှုန်း'မှ 'တန်ဆောင်မုန်း'ဟူ၍ ပြောင်းလဲခေါ်ဝေါ် ရေးသားလာခဲ့သည်မှာ ယနေ့အချိန်ထိ ခေါ်ဝေါ်ရေးသားလျက်ရှိပါသည်။

တန်ဆောင်မုန်းလ ဆီမီးပူဇော်ပွဲသည် တာဝတိံသာနတ်ပြည်မှာရှိသော စူဠာမဏိစေတီတော်ကို ရည်စူး၍ ပူဇော်ခြင်းဖြစ်သည်။ တန်ဆောင်မုန်းလ မီးထွန်းပွဲတော်သည် ဗုဒ္ဓ မပေါ်ထွန်းမီကပင် မဇ္ဈိမဒေသတွင် ထွန်းကားနေပြီဖြစ်ကြောင်းကို မြန်မာဇာတ်တော်များတွင် တွေ့ရပေသည်ဟူ၍ ဖတ်ရှုလေ့လာ မှတ်သားသိရှိရပါသည်။

တန်ဆောင်မုန်းလပြည့်နေ့သည် ကြတ္တိကာနက္ခတ်နှင့် စန်းယှဉ်၍ ပြည့်ဝ၏။ ကြတ္တိကာနက္ခတ်သဘောမှာ ပေါက်ကွဲစေတတ်သော အလင်းရောင်၊ ကွန့်မြူးသောပျော်ရွှင်မှု၊ အားလုံးဆေးဘက်ဆိုင်ရာ စသည်များကို ညွှန်းဆိုပါ၏။ ထို့ကြောင့် နက္ခတ်ပွဲသဘင် ဆင်ယင်ကျင်းပကြ၏။

တန်ဆောင်မုန်းလတွင် ဗုဒ္ဓဘာသာဝင် မြန်မာတို့၏ ဘာသာရေးပွဲတော်တစ်ခုဖြစ်သော ဘုရား၊ စေတီ၊ ပုထိုးများမှာ ဆီမီးတစ်ထောင်၊ ဆီမီးသုံးထောင်၊ ဆီမီးငါးထောင်၊ ဆီမီးကိုးထောင်၊ ဆီမီးတစ်သောင်း စသည်ဖြင့် ဆီမီးပူဇော်ပွဲများ ကျင်းပကြပါသည်။

တန်ဆောင်တိုင် ဆီမီးပူဇော်ပွဲမှာ ကိုယ့်နယ်မြေ၊ ကိုယ့်ဒေသအလိုက် မီးပုံးပျံလွှတ်တင်ပွဲများလည်း ကျင်းပကြပါသည်။ မဟာဘုံကထိန်သင်္ကန်း လှူဒါန်းပူဇော်ပွဲများလည်း ကျင်းပကြပါသည်။

'ကထိန်'ဆိုသည်မှာ 'ကထိန'ပါဠိဘာသာစကားမှ ပါဠိဖျက်အဖြစ်သုံးကာ (ကထိန= ကထိန်)ဟု သုံးနှုန်းခြင်းဖြစ်သည်။ မြန်မာလို 'ကောင်း၏၊ ကောင်းခြင်း'ဟူ၍ ချီးကျူးသြဘာထောပနာပြုသော ဝေါဟာရဖြစ်၏။

ဗုဒ္ဓလက်ထက်တော်အခါက ပါဝေယျတိုင်းသားများဖြစ်သော ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်ကို အကြောင်းပြု၍ 'ကထိန်'ဖြစ်ပေါ်လာလေသည်။ ဝါလကင်းလွတ် သီတင်းကျွတ် ပဝါရဏာပြုပြီး မြတ်စွာဘုရားထံသို့ ဘဒ္ဒဝဂ္ဂီသုံးကျိပ်တို့သည် ခရီးဆက်ခဲ့ကြသည်။ သို့သော် မိုးတွင်းကာလဖြစ်သောကြောင့် မိုးထဲ၊ လေထဲမှ သင်္ကန်းသုံးထည်လုံး စိုရွှဲပြီး ရွှံ့တွေ၊ နွံတွေ၊ ဗွက်တွေ ညစ်ထေးပေကျံကုန်ပါသည်။ မြတ်စွာဘုရားရှင်ရဲ့ ကျောင်းတော်ကိုရောက်၍ မြတ်စွာဘုရားထံ အကြောင်းစုံကို လျှောက်တင်သောအခါ ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်တို့ ပင်ပန်းကြီးစွာ တိစီဝရိတ်ရှုတင်ဆောင်လာရသည်ကို အကြောင်းပြု၍ သံဃာတော်တွေ သင်္ကန်းတစ်စုံထားပြီး ချမ်းသာစွာ သွားလာနိုင်စေရန်အကျိုးငှာ ရှေးနောင်တော်ဘုရားတွေ ခွင့်ပြုတော်မူသည့် နည်းတူ 'အနုဇာနာမိ ဘိက္ခဝေ ဝဿံဝုဋ္ဌာနံ ဘိက္ခူနံ ကထိနံ အတ္ထရိတုံ'ကို ခွင့်ပြုတော်မူခဲ့ပါသည်။

'ဘုရားမှာ စိန်၊ ကျောင်းမှာ သိမ်၊ ကထိန်မှာ သင်္ကန်း'ဆိုသည့်အတိုင်း ကထိန်သင်္ကန်းကပ်လှူပူဇော်ခြင်းသည် ပုဂ္ဂိုလ်စွဲ၊ ဆရာစွဲ၊ ကျောင်းစွဲ အစွဲအလမ်းကင်းစွာ သံဃာကို ရည်မှန်းလှူ သော အလှူဒါနဖြစ်သောကြောင့် အမြတ်ဆုံးအလှူ ဖြစ်ပါသည်။

ကထိန်သည် ကာလဒါနမျိုးဖြစ်သည့်အပြင် ဝိနည်းတော်နှင့်အညီ လှူဒါန်းရသည့် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လတာကာလတွင်သာ ကထိန်ပွဲများ ခင်းကျင်းရခြင်းဖြစ်ပါသည်။ တစ်နှစ်မှာ တစ်လ၊ တစ်လမှာ တစ်ကျောင်း၊ တစ်ကျောင်းမှာ တစ်ကြိမ်သာ ခင်းကျင်းလှူဒါန်းခြင်း ပြုလုပ်ကြရပါသည်။

မြန်မာနိုင်ငံတွင် ပုဂံခေတ်သက္ကရာဇ် ၅၆၃ ခုနှစ်က ထိုးသင်ကြီး ညောင်အုပ်ကျောက်စာတွင် 'ဘုရားလည်း တည်၏။ ပုထိုး၊ စေတီလည်း တည်၏။ ကထိန်ခင်း၍ ပုံသကူလည်း လှူ၏'ဟူသော ကျောက်စာအရ ပုံသကူပစ်ကုသိုလ်ပြုသည့် အလှူဖြစ်ကြောင်း သိရ၏။ တန်ဆောင်မုန်းလပြည့်ည၌ ပုံသကူပစ်ကာ လှူဒါန်းစွန့်ကြဲမှုများ ရှိလာကြသည်။ 'စိတ်က ကြည်စွာ စေတနာဖြင့် သဒ္ဓါဝမ်းတွင်း ပေးလှူခြင်းကား ရခြင်းထပ်ကာ လွန်ချမ်းသာ၏'ဆိုသည့်အတိုင်း တန်ဆောင်မုန်းလပြည့်ည စိတ်ချမ်းမြေ့ကြည်နူးစေသော ကောင်းသောလုပ်ဆောင်မှု ဖြစ်ပါသည်။

တန်ဆောင်မုန်းလပြည့်ညမှာ ကျီးမနိုးပွဲသည်လည်း ကြတ္တိကာနက္ခတ်ကို အကြောင်းပြု၍ ပေါ် ပေါက်လာသော ပျော်ပွဲရွှင်ပွဲတစ်မျိုးဖြစ်၏။ ကြတ္တိကာနက္ခတ်သည် ပျော်ရွှင်ခြင်း၊ စိတ်လှုပ်ရှားခြင်း၊ ဆူပွက်လှုပ်ရှားလွယ်ခြင်းများ ဆက်စပ်နေသည်။

တန်ဆောင်မုန်းလပြည့်ညမှာ ဟိုယခင် ဆယ်စုနှစ်များစွာကတည်းက ပျော်ပွဲရွှင်ပွဲတစ်ခုဖြစ်သော 'ပျော်ပွဲစားခြင်း'ဟူသော လူအများ စုပေါင်းဝိုင်းဖွဲ့ကာ လက်ရေတစ်ပြင်တည်း ထမင်းစားကြခြင်းလည်း ရှိပါသည်။ စာရေးသူတို့ ငယ်စဉ်က ရပ်ရွာထဲမှာ ပျော်ပွဲစားခြင်းများကို ပြန်လည်သတိရမိပါသည်။

ထိုခေတ် ထိုအခါက အိမ်တိုင်းမှာ မိသားစုစားဝတ်နေရေးကို မတောင့်မတ၊ မကြောင့်မကျရဘဲ လူတန်းစေ့ စားနိုင်၊ သောက်နိုင်ကြပါသည်။

တန်ဆောင်တိုင်မှာ ပျော်ပွဲစားကြသည့် မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာတစ်ခု ရှိပါသည်။ ရပ်ရွာမှာ သာရေး၊ နာရေး၊ လူမှုရေးတာဝန်များကို ထမ်းဆောင်နေကြသော လူပျို(ကာလသား) လူငယ်များက ထမင်းဟင်းမျိုးစုံနှင့် ပျော်ပွဲစားကြပါသည်။ နောက်တစ်နေ့ အပျို(ကုမာရီ) အမျိုးသမီးများကလည်း ပျော်ပွဲစားကြပါသည်။ နောက်တစ်နေ့ ရပ်ရေး၊ ရွာရေးမှာ လူလတ်တာဝန်ထမ်းဆောင်ကြသော အိမ်ထောင်သည်အမျိုးသားများကလည်း ပျော်ပွဲစားကြပါသည်။ နောက်တစ်နေ့ အိမ်ထောင်သည် အမျိုးသမီးများကလည်း အားကျမခံ ပျော်ပွဲစားကြပါသည်။ နောက်တစ်နေ့ ရပ်မိရပ်ဖ၊ ရွာလူကြီးများကို ဖိတ်ကြားပြီး အာဟာရဒါနအလှူအဖြစ် ပျော်ပွဲစားကြပါသည်။ နောက်တစ်နေ့ ရပ်ရွာထဲမှာရှိသော စေတနာရှင်၊ ဒါနရှင်များက ကျွေးမွေးသဖြင့် ကလေးသူငယ်၊ လူငယ်လေးများ ပျော်ပွဲစားကြပါသည်။ နောက်တစ်နေ့ အထည်ရက္ကန်းလုပ်ငန်းရှင်၊ အထည်ကုန်သည်ကြီးများကလည်း ရက္ကန်းအလုပ်သမားများကို ကျွေးမွေးကာ ပျော်ပွဲစားကြပါသည်။ ထိုသို့ ခုနစ်ရက်ခုနစ်လီ ညစဉ် ညတိုင်း ပျော်ပျော်ပါးပါး ပျော်ပွဲစားကြသော ဖြစ်စဉ်သည် လွန်ခဲ့သော ဆယ်စုနှစ် ငါးနှစ်ကျော်က မြန်မာ့ဓလေ့ တန်ဆောင်တိုင်သမိုင်းဝင် ပျော်ပွဲစားဖြစ်ပါသည်။ ထိုခေတ် ထိုအခါက တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင် မေတ္တာစေတနာ သဒ္ဓါတရားများ ပွားများ ကာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ပျော် ပျော်ပါးပါး ပျော်ပွဲစားခဲ့ကြသည်များကို ယနေ့ တိုင် သတိရကာ မြင်ယောင်မိပါသည်။

'ကြတ္တိကာနက္ခတ်ကို 'ဒဟနိ'မီးနတ်က စောင့်သည်'ဟု ရာဇမတ္တကျမ်းက ဆို၏။ ထိုမီးနတ်နှင့် တန်ခိုးကြီးနတ်များ ဟိတ်ကြောင့် မဲဇလီပင်၏ အကိုင်း၊ အခက်၊ အညွန့်၊ အဖူးတို့သည် ထူးကဲသည့် တန်ခိုးသတ္တိနှင့် ပြည့်စုံသည်'ဟု ယူဆကြသည်။ ဆေးပေါင်းခသည့်အပင်၊ ဇွဖါးဝေဒနာ ပပျောက်သည်ဟု ယူဆကြသည်။ မဲဇလီပင်၏ ဆေးအာနိသင် 'သာရကော မုတိတတ္တရီ သြသဓရတနာကရ'စသော ဆေးကျမ်းများတွင် ပြဆို၏။

တန်ဆောင်မုန်းလပြည့်နေ့ည 'ဆေးပေါင်းခသည့်ည'တွင် မိသားစုဝင်များ၊ အိမ်နီးနားချင်းများ တစ်အိမ်နှင့် တစ်အိမ် အပြန်အလှန် 'ဆေးဖက်ဝင် မဲဇလီဖူးသုပ်များကို လက်ဆောင်ပေးကြပါသည်။ ဘေးဘယာဝေးကွာစေကြောင်း အန္တရာယ်ကင်းအောင် စားကြပါသည်။ စေတနာရှင်၊ ဒါနရှင်၊ အလှူရှင်များ စုပေါင်း၍ အယုတ်အလတ် အမြတ် မရွေး ရပ်ဝေး၊ ရပ်နီးမှ လူအများကို မြန်မာ့ရိုးရာ မုန့်မျိုးစုံများဖြင့် ကျွေးမွေးဧည့်ခံသော အသံတိတ် အလှူ နိဗ္ဗာန်ဈေး'ပွဲတော်လည်း ရှိပါသည်။ တန်ဆောင်မုန်းလပြည့်နေ့မှာ ပျော်စရာကောင်းသော၊ ချစ်စရာကောင်းသော မြန်မာဓလေ့သည် တန်ဆောင်တိုင်၏ အလှတစ်မျိုး ဖြစ်ပါသည်။

တန်ဆောင်မုန်းလပြည့်ညတွင် ရပ်ရွာထဲမှ ရက္ကန်းလုပ်ငန်းရှင်ကြီးများနှင့် စေတနာရှင်၊ အလှူရှင်များက ငွေများ၊ အဝတ်အထည်များ၊ အိမ်သုံးပစ္စည်းများကို သန်းခေါင်းယံ လူခြေတိတ်ချိန်တွင် လျှို့ဝှက်စွာ ဝှက်သောဓလေ့တစ်ခုကလည်း စိတ်လှုပ်ရှားကြည်နူးဖွယ်ကောင်းသော တန်ဆောင်တိုင်ည ဖြစ်ပါသည်။ မဟာဘုံကထိန်ပွဲတော်မှာ ပျော်ပွဲရွှင်ပွဲအဖြစ် ကပြဖျော်ဖြေသည့် ဇာတ်သဘင်ပွဲကြည့်ပြီး အပြန်မှာ သူငယ်ချင်းအပေါင်းအသင်းတစ်တွေ အပျော်သဘောဖြင့် လမ်းမဘေးမှာရှိသောအိမ်များမှ ဟိုဘက်အိမ်ရှေ့မှာရှိသောပစ္စည်းများကို ဒီဘက်အိမ်မှာ ရွှေ့ထားကြခြင်း၊ ဒီဘက်အိမ်ရှေ့မှာရှိသောပစ္စည်းများကို ဟိုဘက်အိမ်ရှေ့မှာ ရွှေ့ထားကြခြင်းများ ပြုလုပ်ကြပါသည်။ နံနက်မိုးလင်းမှ ပစ္စည်းပျောက်ရာပုံတော် ဖွင့်နေကြသည်။ ဒေါသထွက်နေကြသောလူများကို ကြည့်ပြီး ရယ်မောပျော်ရွှင်ကြခြင်းများကလည်း တန်ဆောင်တိုင်၏ ရသတစ်မျိုး ဖြစ်ပါသည်။

ခေတ်ကာလ အကူးအပြောင်းက မြန်လှပါသည်။ ဥတုရာသီအချိန်တွေကလည်း အရွေ့အပြောင်း မြန်လှပါသည်။ ယနေ့အချိန်မှာ တန်ဆောင်မုန်းလ တန်ဆောင်တိုင်ပွဲတော်ကို မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ် မြို့ပြကျေးလက်ရပ်ရွာများမှ လူငယ်၊ လူရွယ်၊ လူကြီးမကျန် ကထိန်ပွဲအတွက် ခေတ်ပေါ်ဂီတသံစဉ်တီးဝိုင်း အဆိုအကများဖြင့် အလှူခံထွက်ကြပါသည်။ ရပ်ကွက်တိုင်းကိုယ့်ရပ်ကွက်နဲ့ကိုယ် စုပေါင်းမဟာဘုံကထိန်တော်ကို ခင်းကျင်းကြပါသည်။ ကျောင်းသူ၊ ကျောင်းသားများကလည်း ကျောင်းကထိန်၊ ဈေးသူ၊ ဈေးသားများကလည်း ဈေးကထိန်၊ ဌာနဆိုင်ရာများကလည်း ဌာနဆိုင်ရာ ကထိန်ပွဲများ ခင်းကျင်းကြပါသည်။

သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလ တစ်လလုံးကို ကထိန်ရာသီအဖြစ် သတ်မှတ်ကြပါသည်။ ဝိနည်းထုံးစံအရ ကထိန်ခင်းခြင်းသည် တန်ဆောင်မုန်းလပြည့်နေ့အထိသာ ကထိန်အာနိသင်ရှိသော်လည်း တန်ဆောင်မုန်းလပြည့်နေ့မကျော်ခင် ကထိန်သင်္ကန်းကြီးကို ကထိန်မဲကျရာ ကျောင်းတိုက်မှာ သွားရောက်လှူဒါန်းပြီး ကထိန်ခင်းကျင်းမှုကို တန်ဆောင်မုန်းလ မကုန်မချင်း ခင်းကျင်း၍ ရပါသည်။

မည်သို့ပင်ဆိုစေ ဟိုရှေးယခင်ခေတ်ကာလငယ်ဘဝက တန်ဆောင်မုန်းလ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲမှာ ဆရာတော်ကြီးများ၏ တရားပွဲများ၊ ကြည်နူးပျော်ရွှင်စရာ ပျော်ပွဲရွှင်ပွဲဇာတ်သဘင်ပွဲများနှင့် စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ကျွေးမွေးဧည့်ခံကြသော နိဗ္ဗာန်ဈေးပွဲတော်များ၊ ဆီမီးထွန်းညှိပူဇော်ပွဲများ၊ တန်ဆောင်တိုင်ည၊ တန်ဆောင်တိုင်အလှ၊ တန်ဆောင်တိုင်ရသတို့ကို ယနေ့တိုင် မမေ့နိုင်ပါ ပြန်လည်တမ်းတလွမ်းမိပါသည်။

**မိုးထက်ကို(အမရပူရ)**

> "ဘုရားမှာ စိန်၊ ကျောင်းမှာ သိမ်၊ ကထိန်မှာ သင်္ကန်း"ဆိုသည့်အတိုင်း ကထိန်သင်္ကန်း ကပ်လှူပူဇော်ခြင်းသည် ပုဂ္ဂိုလ်စွဲ၊ ဆရာစွဲ၊ ကျောင်းစွဲ အစွဲအလမ်းကင်းစွာ သံဃာကို ရည်မှန်း လှူသော အလှူဒါနဖြစ်သောကြောင့် အမြတ်ဆုံးအလှူ ဖြစ်ပါသည်။

# မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးအား ရုရှားသမ္မတ ပလာဒီမာပူတင် လက်ခံတွေ့ဆုံ



**မော်စကို နိုဝင်ဘာ ၅**

ရုရှားသမ္မတ ဗလာဒီမာပူတင်က နိုဝင်ဘာ ၄ ရက်တွင် မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ချော့ဆွန်ဟွီးအား မော်စကိုမြို့တော်၌ လက်ခံတွေ့ဆုံခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုသို့တွေ့ဆုံစဉ် မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်ဂျုံအန်ထံမှ ကင်မ်က လိုက်လှဲစွာ နှုတ်ခွန်းဆက်သည့် စကားပါးလိုက်ကြောင်း ချော့ဆွန်ဟွီးက ထုတ်ဖော်ပြောကြားသည်။

ရုရှားနိုင်ငံ၏အမျိုးသားညီညွတ်ရေးနေ့တွင် ၄င်းအလည်အပတ်ရောက်ရှိလာသဖြင့် ဝမ်းမြောက်မိသည်ဟု သမ္မတ ဗလာဒီမာပူတင်က ထုတ်ဖော်ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ချော့ဆွန်ဟွီးသည် ရက်သတ္တပတ် ခြောက်ပတ်အတွင်း ရုရှားနိုင်ငံသို့ ဒုတိယအကြိမ်မြောက် လာရောက်လည်ပတ်ခြင်းဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ရုရှားအရှေ့ပိုင်း ဗလာဒီဗော့စတော့ဆိပ်ကမ်းမှတစ်ဆင့် မော်စကိုမြို့တော်သို့ ရောက်ရှိလာသော ချော့ဆွန်ဟွီးကို သမ္မတ ဗလာဒီမာပူတင်က ကြိုတင်ကြေညာခြင်းမရှိဘဲ လက်ခံတွေ့ဆုံခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



# ကနေဒါနိုင်ငံ ဘရမ့်တွန်မြို့ ဟိန္ဒူဘုရားကျောင်းအရေးကိစ္စ အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီ အလေးအနက် ဝေဖန်ရှုတ်ချ

**ဒေလီ နိုဝင်ဘာ ၅**

ကနေဒါနိုင်ငံ တိုရွန်တိုမြို့နှင့်ကပ်လျက် ဘရမ့်တွန်မြို့ထဲရှိ ဟိန္ဒူဘုရားကျောင်းကို နိုဝင်ဘာ ၃ ရက်က လူအချို့ ခဲဖြင့် ပစ်ပေါက်ပြီး နှောင့်ယှက်တိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင်များက ဟန့်တားပြီး လူသုံးဦးကို ဖမ်းဆီးအရေးယူခဲ့သည်။

ထိုအရေးကိစ္စနှင့်ပတ်သက်၍ အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီ နိုဝင်ဘာ ၄ ရက်က အလေးအနက် ဝေဖန်ရှုတ်ချလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ယင်းကဲ့သို့သော အကြမ်းဖက်ဆန်ဆန် လုပ်ရပ်များက အိန္ဒိယနိုင်ငံ၏ သန္နိဋ္ဌာန်ကို ဘယ်သောအခါမျှ ချိနဲ့သွားစေလိမ့်မည်မဟုတ်ဟုလည်း နာရင်ဒရာမိုဒီက မှတ်ချက်ချသည်။

အစွန်းရောက်များနှင့် ခွဲထွက်ရေးဝါဒီများ ထိုအကြမ်းဖက်မှုနောက်ကွယ်တွင် ရှိနေသဖြင့် ကနေဒါအစိုးရဘက်မှ တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးမှုရှိအောင် ဆောင်ရွက်သွားစေလိုကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

ထိုအကြမ်းဖက်လုပ်ရပ်သည် လက်သင့်မခံနိုင်သော လုပ်ရပ်ပင်ဖြစ်သည်ဟု ကနေဒါဝန်ကြီးချုပ် ဂျပ်စတင်ထရူဒိုးက ၄င်း၏ အိတ်ခ်ျစ်လူမှုကွန်ရက်ပေါ်တွင် ရေးသားလွှင့်တင်ခဲ့ကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀

# ဓာတ်အား၁ ဒေါ်လာ သန်း ၈၀၀ ပေးချေရန် ပျက်ကွက်သဖြင့် အဒါနီကုမ္ပဏီ ဘင်္ဂလားဒေ့ရှ်၌ လျှပ်စစ်မီးဖြတ်တောက်

**ဒက္ကာ နိုဝင်ဘာ ၅**

ဘင်္ဂလားဒေ့ရှ်အစိုးရက ဓာတ်အားခ အမေရိကန်ဒေါ်လာ သန်း ၈၀၀ ပေးချေရန် ပျက်ကွက်သဖြင့် အိန္ဒိယအခြေစိုက် အဒါနီစွမ်းအင်ကုမ္ပဏီက ဘင်္ဂလားဒေ့ရှ်၌ လျှပ်စစ်မီးထက်ဝက်ဖြတ်တောက်ပစ်လိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ၁၆၀၀ မဂ္ဂါဝပ် ဓာတ်အားထွက်ရှိသော ကျောက်မီးသွေးအခြေပြုလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံမှ ပေးနေသော လျှပ်စစ်မီးကို ဖြတ်တောက်ခဲ့ခြင်း ဖြစ်သည်။

ထိုကြွေးကျန်ငွေကို ဘင်္ဂလားဒေ့ရှ်အစိုးရက တစ်ရစ်ချင်းခွဲဆပ်သွားမည်ဖြစ်ရာ ဒေါ်လာသန်း ၁၇၀ ပထမဆုံးလွှဲပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။ **Mon**



# မြောက်ကိုရီးယားနိုင်ငံမှ တာနီးပစ်ဒုံးလက်နက်များ ဆာရီဝမ်ဒေသမှ အရှေ့ပင်လယ်ဘက်သို့ ပစ်လွှတ်

**ပြုံယမ်း နိုဝင်ဘာ ၅**

မြောက်ကိုရီးယားနိုင်ငံမှ တာနီးပစ် ဒုံးလက်နက်များကို ပြုံယမ်းမြို့တော် တောင်ဘက်ဆာရီဝမ်ဒေသမှ ဂျပန်ပင်လယ်ခေါ် အရှေ့ပင်လယ်ဘက်သို့ နိုဝင်ဘာ ၅ ရက်က ပစ်လွှတ်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဒေသစံတော်ချိန် နံနက် ၇ နာရီခွဲခန့်က ထိုသို့ပစ်လွှတ်ခဲ့သော ယင်းတာနီးပစ်ဒုံးလက်နက်များကို တောင်ကိုရီးယား၊ ဂျပန်နှင့် အမေရိကန်တပ်ဖွဲ့များက မပြတ်စောင့်ကြည့်ထောက်လှမ်းခဲ့ကြသည်။

အမေရိကန်၊ ဂျပန်၊ တောင်ကိုရီးယား သုံးနိုင်ငံ ပူးတွဲလေတပ်စစ်ရေးလေ့ကျင့်မှုပြုလုပ်လျှင် မြောက်ကိုရီးယားဘက်က ဒုံးလက်နက်များ ပစ်လွှတ်ကာ မကျေနပ်ကြောင်း ပြသလာလိမ့်မည်ဟု တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီး ကင်မ်ယုံးဟွမ်က သတိပေးခဲ့ပြီးနောက် ရက်အနည်းငယ်အတွင်း အဆိုပါ တာနီးပစ်ဒုံးလက်နက်များကို မြောက်ကိုရီးယားက ပစ်လွှတ်လိုက်ခြင်းပင် ဖြစ်သည်။

မကြာသေးမီက တိုက်ကြီးများကို ဖြတ်ကျော်နိုင်သော ဟွာဆောင်း-၁၉ တာဝေးပစ်ဒုံးလက်နက်ပစ်လွှတ်ခဲ့သည့် မြောက်ကိုရီးယားနိုင်ငံအနေဖြင့် သတ္တမအကြိမ်မြောက် နျူကလီးယားစမ်းသပ်မှုပြုလုပ်ရန်အတွက် အသင့်ပြင်ထားပြီးဖြစ်နိုင်သည်ဟု တောင်ကိုရီးယားဘက်က ထောက်လှမ်းသိရှိကာ ဆက်လက်စောင့်ကြည့်နေသည်။ **Mon**



# အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း ဖလိုရက်စ်ကျွန်းပေါ်၌ လေဝိုတိုဘီလာကီလာကီ မီးတောင်ပေါက်ကွဲ

**ဂျကာတာ နိုဝင်ဘာ ၅**

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း ဖလိုရက်စ်ကျွန်းပေါ်၌ နိုဝင်ဘာ ၄ ရက် နံနက်စောစောပိုင်းက လေဝိုတိုဘီလာကီလာကီ မီးတောင်ပေါက်ကွဲရာ လူ ၁၀ ဦး သေဆုံးခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုမီးတောင် အပြည့်အဝပေါက်ကွဲနေသဖြင့် ပတ်လည် ၄ မိုင်အကွာရှိ ဒေသခံများ ဘေးလွတ်ရာသို့ ချက်ချင်းရွှေ့ပြောင်းကြရန် သက်ဆိုင်ရာက သတိပေးထားသည်။

မီးတောင်ပတ်ဝန်းကျင်ရှိ ကျေးရွာ ခုနစ်ရွာပေါ်သို့ ချော်ရည်ချော်ခဲများကျခဲ့ကြောင်း သိရသည်။ **Mon**





၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲအတွက် အမေရိကန်ပြည်ထောင်စုရှိ မဲရုံတစ်ရုံတွင် နိုဝင်ဘာ ၅ ရက်က လူနှစ်ဦး မဲပေးနေကြစဉ်။ **Mon**

# အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာခန်းပြည်နယ်အတွင်း ဘတ်စ်ကား ချောက်ထဲထိုးကျမှုဖြစ်ပွား၊ လူ ၃၆ ဦး သေဆုံး

**ဒေလီ နိုဝင်ဘာ ၅**

အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ ဥတ္တရာခန်းပြည်နယ်အတွင်း နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းက ခရီးသည်တင် ဘတ်စ်ကားတစ်စီး ချောက်ထဲထိုးကျမှုဖြစ်ပွားရာ လူ ၃၆ ဦး သေဆုံးပြီး ၂၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ခရီးသည် ၄၄ ဦးကို တင်ဆောင်ထွက်ခွာခဲ့သည်ဆိုသော ဘတ်စ်ကားသည် အယ်လ်မိုရာခရိုင်အတွင်းရှိ မီတာ ၅၀ ခန့်နက်သော ချောက်ကြီးထဲသို့ အရှိန်မထိန်းနိုင်ဘဲ ထိုးကျသွားခဲ့ခြင်း ဖြစ်သည်။

ရမ်နာဂါခရိုင်သို့ ဦးတည်မောင်းနှင်ထွက်ခွာလာသော အဆိုပါခရီးသည်တင်ဘတ်စ်ကားသည် ချောက်ထဲ၌ ကြေမွပျက်စီးကာ ခရီးသည်များ ကားထဲ၌ ပိတ်မိပြီး သေဆုံးခဲ့ရခြင်းဖြစ်သည်။



ထိုယာဉ်မတော်တဆမှု အကြောင်းကြားသိရသဖြင့် ကျန်ရစ်သူ သက်ဆိုင်သူမိသားစုများနှင့် ထပ်တူဝမ်းနည်းရကြောင်း အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီက ထုတ်ဖော်ပြောကြားသည်။

သေဆုံးသူတစ်ဦးလျှင် ရူပီး ၂၀၀၀၀၀ နှင့် ဒဏ်ရာရသူတစ်ဦးလျှင် ရူပီး ၅၀၀၀၀ စီ အစိုးရက နစ်နာကြေးပေးမည်ဖြစ်ကြောင်း သိရသည်။ **Mon**



# ကွမ်း ၂၆ ဧက ခူးဆွတ်သိမ်းဆည်းပြီး ဖြစ်

**ပွင့်ဖြူ နိုဝင်ဘာ ၅**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ်မိုးသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ကွမ်း ၂၆ ဧက ခူးဆွတ်သိမ်းဆည်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **(အပေါ်ပုံ)**

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ကွမ်း ၅၂ ဧက စိုက်ပျိုးရန် လျာထားပြီး ဒေသခံတောင်သူများက စိုက်ပျိုးရေး ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် သတ်မှတ်စိုက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ကြောင်း ယခုအခါ ကွမ်းပင်များမှာ အောင်မြင်ဖြစ်ထွန်းပြီး ကွမ်းရွက်များကို ဆွတ်ခူးရောင်းချလျက်ရှိရာ ယနေ့အထိ ကွမ်း၂၆ ဧက ဆွတ်ခူးသိမ်းဆည်းပြီးစီးပြီဖြစ်သည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် သီးနှံဝင်ငွေတိုးပွားစေရေးအတွက် ကွမ်းစိုက်ပျိုးရေးလုပ်ငန်းကို (နွေ၊ မိုး၊ ဆောင်း) တစ်နှစ်ပတ်လုံးစိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများ ကွမ်းစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းမွန်စေရန် လိုအပ်သော စိုက်ပျိုးရေးနည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးသဖြင့် ကွမ်းစိုက်ပျိုးရေးလုပ်ငန်း အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ပွင့်ဖြူမြို့နယ်၌ ကွမ်းစိုက်ပျိုးရေးလုပ်ငန်းကို ဝဲဒေါင့်ကျေးရွာ၊ သမန်းရင်းကျေးရွာ၊ ဒေးဒရဲကျေးရွာနှင့် မုန်းချောင်းဘေးတစ်လျှောက်ရှိ ကျေးရွာများတွင် အများဆုံး စိုက်ပျိုးလုပ်ကိုင်ကြပြီး ယခုနှစ်တွင် ကွမ်းဈေးကောင်းရရှိ၍ စိုက်ပျိုးတောင်သူများ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

(၄၄၅)

# မုံရွာမြို့တွင်း (၁၄၃)လမ်းကို နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ထား

**မုံရွာ နိုဝင်ဘာ ၅**

မုံရွာမြို့တွင်းလမ်းများ တိုးတက်ကောင်းမွန်စေရေးနှင့် အဆင့်မြှင့်တင်ရေးအတွက် နိုင်လွန်ကတ္တရာလမ်းများ ဆောင်ရွက်လျက်ရှိရာ ဘုန်းတော်ကြီးကျောင်းဝင်းလမ်းများ၊ လမ်းအတိုအသေးများကိုပါ နိုင်လွန်ကတ္တရာလမ်းခင်းပေးနေကြောင်း တွေ့ရသည်။

"မြို့တွင်းလမ်းတွေ အဆင့်မီကောင်းမွန်စေရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အနီးကပ်ကြီးကြပ်မှုနဲ့ နိုင်လွန်ကတ္တရာလမ်းခင်းတဲ့ လုပ်ငန်းတွေ ဆက်တိုက်ဆောင်ရွက်လျက် ရှိပါတယ်။ မူလကတ္တရာလမ်း မျက်နှာပြင် ပျက်စီးနေတာကို နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနေတာပါ"ဟု မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းက ပြောသည်။

မုံရွာမြို့တွင်းလမ်းများ နိုင်လွန်ကတ္တရာလမ်းများ ဆောင်ရွက်ခြင်းကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ထောက်ပံ့ရန်ပုံငွေဖြင့် လုပ်ဆောင်ပေးနေခြင်းဖြစ်ပြီး မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မုံရွာမြို့တွင် မြို့တွင်းလမ်းပေါင်း (၁၄၃)လမ်း (၅၇ မိုင် ၄ ဒသမ ၈ဖာလုံ)ကို နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ထားပြီးဖြစ်သည်။

မုံရွာမြို့နေပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် မြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရေးအတွက် မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မုံရွာမြို့ အဓိကလမ်းမကြီးများဖြစ်သော ဗိုလ်ချုပ်လမ်း၊ပြည်ထောင်စုလမ်း၊ ကျောက္ကာလမ်း၊ ရုံးကြီးလမ်းမပေါ်တွင် အုပ်မိုးနေသော နှစ်ရှည်ပင်ကြီးများကို အလင်းဖွင့်ခြင်း၊ မီးပွိုင့်များတွင် ကွယ်နေသော သစ်ကိုင်းများရှင်းလင်းခြင်းကို မုံရွာမြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ပူးပေါင်း၍ ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

(၃၉၄)



# ဘားအံမြို့နယ်၌ ရသဝေါအင်းကန်ပတ်လမ်း အပိုင်း(၂) ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု စစ်ဆေး

**ဘားအံ နိုဝင်ဘာ ၅**

ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ရသဝေါအင်းကန်ပတ်လမ်း အပိုင်း(၂) ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်နန်းအဲဖောင်အွာ၊ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တာဝန်ရှိသူများက ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ရသဝေါအင်းကန်ပတ်လမ်း အပိုင်း(၂) ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ(နည်းပညာ)ဒေါ်နန်းအဲဖောင်အွာက လုပ်ငန်းများအား စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်သွားကြရန် မှာကြားသည်။

ဘားအံမြို့နယ်၌ ရသဝေါအင်းကန်ပတ်လမ်း အပိုင်း(၂) အရှည် ၄ ဒသမ ၇ဖာလုံ၊ အကျယ် ၁၂ပေ၊ ထုလေးပေရှိ ဂဝံမြေခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရ ရန်ပုံငွေကျပ် ၉၀ ဒသမ ၁ သန်းအသုံးပြုကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာစုဖွဲ့၍ မေ ၂ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ဆက်လှ**

# မွေးကင်းစမှ အသက်(၁)နှစ်ခွဲအထိ ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံ တိုက်ကျွေး

**နတ်မောက် နိုဝင်ဘာ ၅**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ ကလေးငယ်များ ရောဂါကင်းရှင်းပြီး ကျန်းမာပျော်ရွှင်စွာ နေနိုင်ရေးအတွက် ရပ်ကွက်၊ ကျေးရွာများရှိ မွေးကင်းစမှ အသက် ၁နှစ်ခွဲအထိ ကလေးငယ်များကို လစဉ် ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို ယနေ့ နံနက် ၈ နာရီက မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာန ရုံးခန်းအတွင်း ဆောင်ရွက်ပေးသည်။



အဆိုပါလစဉ် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးခြင်းကို မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနတာဝန်ခံ သားဖွားဆရာမနှင့် ဝန်ထမ်းများက မွေးကင်းစမှ အသက် ၁နှစ်ခွဲအထိ အသက်အပိုင်းအခြားအလိုက် ကလေးငယ်များအား ဘီစီဂျီ၊ ဆုံဆို့ကြက်ညှာ၊မေးခိုင်ကာကွယ်ဆေး၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင်(ငါးမျိုးစပ်ကာကွယ်ဆေး)၊ ပြင်းထန်အဆုတ်ရောင်(PCV)၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ(ရိုတာကာကွယ်ဆေး)၊ဝက်သက်ဂျိုက်သိုးရောဂါကာကွယ်ဆေး ကိုးမျိုးနှင့် ပိုလီယိုအကြောသေရောဂါကာကွယ်ဆေးထိုးနှံ တိုက်ကျွေးပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၄၆၅)

# အာလူးဝယ်လိုအားကောင်းပြီး ဈေးဆက်တိုက် မြင့်မားလာ

ပြည်တွင်းဈေးကွက်မှာ အာလူးက ဝယ်လိုအားကောင်းပြီး ဈေးဆက်တိုက်မြင့်တက်လာကြောင်း ကုန်စိမ်းဈေးကွက်မှ သိရသည်။

တရုတ်အာလူးရော ရှမ်းပြည်နယ်ထွက် အာလူးဈေးကွက်ပါမြင့် တက်နေတာဖြစ်ပြီး ရန်ကုန်၊ ဘုရင့်နောင်ကုန်စည်ဒိုင်မှာဆိုရင် တရုတ်အာလူးတစ်ပိဿာကို ငွေကျပ် ၇၀၀၀ အထိရှိလာပြီး ရှမ်းအာလူးက အဝင်မရှိတာကြာပြီ ဖြစ်သည်။

တရုတ်အာလူးကို နယ်စပ်ဂိတ်တွေကနေ အဓိကတင်သွင်းရတာဖြစ်ပြီး လက်ရှိမှာက လမ်းပန်းဆက်သွယ်ရေးအခက်အခဲ၊ နယ်စပ်ဂိတ်တွေရဲ့ ကုန်သွယ်နိုင်မှုအခြေအနေတွေလျော့ကျတာကြောင့် အာလူးကားဝင်ရောက်မှုနည်းနေခြင်းဖြစ်သည်။

"အာလူးကား ၁၀ စီးလောက်ဝင်ရမှာကို ငါးစီး၊ ခြောက်စီးလောက်ပဲ ဝင်နေတော့ ဝယ်လိုအားများပြီး ဈေးကတက်နေတဲ့ သဘောရှိတယ်။ ရှမ်းအာလူးတွေကလည်း မဝင်တာကြာပြီဆိုတော့ ပိုဆိုးတာပေါ့။ ရှမ်းအာလူးဈေးတက်ရင်လည်း တရုတ်က လိုက်တက်တယ်။ တရုတ်တက်ရင်လည်း ရှမ်းက လိုက်တက်တဲ့ သဘောရှိတယ်"ဟု ကုန်စိမ်းရောင်းသူ တစ်ဦးက ပြောသည်။

ရှမ်းပြည်နယ်၊ အောင်ပန်းကုန်စည်ဈေးကွက်မှာလည်း ရှမ်းထွက်အာလူးတွေထဲကမှ လုပ်ငန်းသုံး အကြော်သီးဆိုက်တွေဖြစ်တဲ့ မားကစ် S2/S1 နဲ့ မျက်နီ S2/S1 လည်း ပစ္စည်းအဝင်မရှိဖြစ်နေသည်။

လက်ရှိ ပွဲရုံတွေကို ဝင်ရောက်နေသည့် အာလူးတွေကတော့ S-1-OK မျက်နီက တစ်ပိဿာငွေကျပ် ၇၀၀၀၊OK - မျက်နီက ငွေကျပ် ၆၈၀၀ ကျပ်၊ A1- မျက်နီ ငွေကျပ် ၅၅၀၀ ကျပ်၊ A1- ဆွဲ မျက်နီအပေဟာင်းက ငွေကျပ် ၅၂၀၀ ကျပ်နှင့် ဂေါ်လီဆိုဒ်- မျက်နီအပေဟာင်းက တစ်ပိဿာကို ငွေကျပ် ၂၅၀၀ - ၃၀၀၀ ပေါက်ဈေးရှိနေသည်။

"အာလူးက အဝယ်လိုက်ပြီး ပစ္စည်းအဝင်ကလည်း နည်းတော့ ဈေးက ဆက်တိုက်ထိုးတက်လာတာ။ ရှမ်းတောင်မှာဆိုရင် အခုအသီးမဝင်တာ ကြာပြီ။ ပစ္စည်းမဝင်ပေမယ့် ဈေးတန်းက အမြင့်ဆုံး ၈၀၀၀ ကျော်ပဲ။ အရင်က ဂေါ်လီဆိုက်သေးဆို တစ်ပိဿာငွေကျပ် ၁၅၀၀ အများဆုံးကနေ အခုငွေကျပ် ၃၀၀၀ အထိရှိလာတယ်"ဟု ကုန်သည်တစ်ဦးက ပြောသည်။

ရှမ်းပြည်နယ်မှာလည်း ရေကြီးနစ်မြုပ်မှုတွေကြောင့် အာလူးစိုက်ခင်းတွေ ပျက်စီးမှုရှိခဲ့သည့်အတွက် အထွက်လျော့ကျပြီး ကုန်စိမ်းပွဲရုံတွေကို ပစ္စည်းဝင်ရောက်မှုနည်းနေတာကြောင့် အာလူးဈေးကွက် တက်လာခြင်းဖြစ်ကြောင်း သိရသည်။

**ရွှေမန်း**



# အသေးစား၊အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(ကုန်ထုတ်လုပ်မှု) စစ်တမ်း(၂၀၂၄)ကောက်ယူရေးအတွက် ကြိုတင်ရှင်းလင်း

**မကွေး နိုဝင်ဘာ ၅**

မကွေးတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(ကုန်ထုတ်လုပ်မှု) စစ်တမ်း ၂၀၂၄ ကောက်ယူရေးအတွက် ကြိုတင်ရှင်းလင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက မကွေးမြို့နယ် စုပေါင်းရုံး အစည်းအဝေးခန်းမ ကျင်းပခဲ့သည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး MSME Agency ဥက္ကဋ္ဌ စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်က အဖွင့်အမှာစကား ပြောကြားရာတွင် ယခုလို အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(ကုန်ထုတ်လုပ်မှု) စစ်တမ်းကောက်ယူဆောင်ရွက်ခြင်းဖြင့် အကျိုးကျေးဇူးများစွာ ရရှိသည့်အပြင် တိုင်းဒေသကြီးရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ဒေသခံပြည်သူများရဲ့ လူမှုစီးပွားဘဝ အဆင့်အတန်းကို မြင့်မားစေမှာဖြစ်ကြောင်းနှင့် လုပ်ငန်းရှင်များအနေဖြင့် စစ်တမ်းကောက်ယူမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ကြိုတင်သိရှိပြီး ပူးပေါင်းပါဝင်နိုင်စေရေး ယခုလို ဆွေးနွေးပွဲပြုလုပ်ပေးခြင်းဖြစ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ထို့နောက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (ကုန်ထုတ်လုပ်မှု) စစ်တမ်း(၂၀၂၄)ကောက်ယူရေး လုပ်ငန်းအဖွဲ့ အတွင်းရေးမှူး၊ မကွေးတိုင်းဒေသကြီး ဗဟိုစာရင်းအင်းအဖွဲ့ တိုင်းတာဝန်ခံ ဒေါ်စန်းစန်းနုက စစ်တမ်းကောက်ယူခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မကွေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး ဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဇော်ထွန်းအောင်က ဆီစက်ချေးငွေနှင့် MSME ချေးငွေဆိုင်ရာ သိကောင်းစရာများအား ရှင်းလင်းဆွေးနွေးပြီး အခမ်းအနား တက်ရောက်လာသူများမှ သိရှိလိုသည်များအား မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။



အဆိုပါ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(ကုန်ထုတ်လုပ်မှု)စစ်တမ်း ၂၀၂၄ ကောက်ယူခြင်းကို မကွေးတိုင်းဒေသကြီးအနေဖြင့် မကွေးမြို့ပေါ်ရှိ လုပ်ငန်းပေါင်း ၁၈၄ ခု၊ မင်းဘူးမြို့ပေါ်ရှိ လုပ်ငန်းပေါင်း ၆၇ ခုနှင့် ဆင်ပေါင်ဝဲမြို့ပေါ်ရှိ လုပ်ငန်းပေါင်း ၁၇ ခု၊ စုစုပေါင်း လုပ်ငန်း ၂၆၈ ခုကို နိုဝင်ဘာ ၇ ရက်မှ ၂၂ ရက်အထိ ဗဟိုစာရင်းအင်းမှ ဝန်ထမ်း ၁၆ ဦးက ကွင်းဆင်းကောက်ယူသွားမှာဖြစ်ကြောင်း သိရသည်။

(ဓါတ်ပုံ) မြို့နယ်(ပြန်/ဆက်)



# အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ပွဲတော် ကျင်းပရေး ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲ ကျင်းပ

**သရက် နိုဝင်ဘာ ၅**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ပွဲတော်ကျင်းပရေး ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ရာပြည့်ပွဲတော် ကျင်းပရေးဦးစီးကော်မတီနာယက ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကား ပြောကြားခဲ့ပြီး အလှူရှင်များက အလှူငွေများပေးအပ်ရာ ရာပြည့်ပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ခံပေးခဲ့ကြပြီး ရာပြည့်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးစိုးလှမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ဇော်ထက်(သရက်)**

# ရွှေစက်တော် မန်းချောင်းအပန်းဖြေဆင်စခန်းသို့ လာရောက်လည်ပတ်သူများ ဆင်စာများ ကျွေးမွေးလှူဒါန်းနိုင်

**မင်းဘူး နိုဝင်ဘာ ၅**

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်တွင် ယခုနှစ် ပွင့်လင်းရာသီ ရွှေစက်တော် မန်းချောင်း အပန်းဖြေဆင်စခန်းသို့ လာရောက်လေ့လာ လည်ပတ်သူများ ဆင်များစီးပြီး အပန်းဖြေနိုင်သလို ဆင်စာများလည်း ကျွေးမွေးလှူဒါန်းနိုင်ကြောင်း ဆင်စခန်း တာဝန်ခံများထံမှ သိရသည်။

ရွှေစက်တော် မန်းချောင်း အပန်းဖြေဆင်စခန်းကို မြန်မာ့သစ်လုပ်ငန်း မင်းဘူးခရိုင် သစ်ထုတ်ရေးဒေသလက်အောက်တွင် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်က ဆင်စာများအတွက် ဝါးအမျိုးမျိုးနှင့် ကိုင်းမြက်များ ပေါများသည့်အပြင် ရေအလွယ်တကူရရှိနိုင်သော မန်းချောင်းဘေး ဧက ၇၀၀ ရှိသော ပန်းတောင်း-ပျော်ဘွယ်ကြိုးပြင် ကာကွယ်တောတွင် ဖွင့်လှစ်ခဲ့သည်။

ဆင်စခန်းများကို ပြည်တွင်းပြည်ပမှခရီးသွားများ လွယ်ကူစွာ လာရောက် လည်ပတ်နိုင်စေရန် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်၍ တောတောင်ရေမြေ သဘာဝ အလှအပများနှင့်စိမ်းစို၍ ရှုခင်းများကောင်းပြီး မန်းရွှေစက်တော် ဘုရားကြီးအနီးတွင် ဖွင့်လှစ်ထားခြင်းဖြစ်တာကြောင့် စက်တော်ရာ ပါဒခြေတော်ရာနှစ်ဆူကို ဖူးပြီးပါက ဆင်စခန်းသို့လာကာ ဆင်လိမ္မာလေးများ၏ ကကွက်ဆန်းများဖြင့် ဧည့်ခံဖျော်ဖြေမှုကို ကြည့်ရှုခြင်းနှင့် ဆင်များစီးပြီး မန်းချောင်းတစ်လျှောက်ရှိ သဘာဝအလှအပတရားများကို ကြည့်ရှုခံစားနိုင်ကြသည်။ ဆင်စခန်းတွင် ဆင် ၁၄ ကောင်ရှိပြီး ဆင်စာများကို ဆင်စခန်းမှ ဝယ်ယူ၍ ငွေကျပ် ၁၀၀၀၀၀၊ ၁၂၀၀၀၀၊ ၁၅၀၀၀၀ စသည်ဖြင့် မိမိတို့ဆန္ဒအလျောက် ဝယ်ယူကျွေးမွေးနိုင်သလို ပြင်ပမှ ယူဆောင်လာသော ငှက်ပျောဖီး၊ ငှက်ပျောအူ၊ ဖရဲသီး၊ နေဗီယာမြက်၊ ကိုင်းမြက်၊ ကြံစသော သန့်သန့်ပြန့်ပြန့်ဖြစ်အောင် ရေစင်စင်ဆေးထားသော အစားအစာများကိုလည်း ကျွေးမွေးနိုင်ကြောင်း ဆင်စခန်းတာဝန်ရှိသူက ပြောခဲ့ကြောင်း သိရသည်။



(ဓါတ်ပုံ) (၅၀၄)

# မန္တလေးဈေးကွက်အတွင်းရှိ အထည်အလိပ်ဈေးနှုန်းများ အနည်းငယ် ကျဆင်းလာ

**မန္တလေး နိုဝင်ဘာ ၅**

မန္တလေးဈေးကွက်အတွင်း ပြည်ပနိုင်ငံများက ဝင်ရောက်လာသော အထည်အလိပ်ဈေးနှုန်းများ ယခင်လများနှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းအနည်းငယ် ကျဆင်းလာကြောင်း အထည်အလိပ်လုပ်ငန်း လုပ်ကိုင်သူများထံက သိရသည်။

လက်ရှိ ဈေးကွက်အတွင်းတွင် တရုတ်၊ ထိုင်းနိုင်ငံများက တင်သွင်းသောပိတ်စများ အများဆုံး အရောင်းအဝယ် ဖြစ်နေပြီး သယ်ယူပို့ဆောင်ရာတွင် အနည်းငယ် ခက်ခဲမှုများကြောင့် ဈေးကွက်အတွင်း သိသိသာသာဈေးနှုန်း ကျဆင်းမလာခြင်း ဖြစ်သည်။

'ဒေါ်လာဈေးကျတဲ့အတွက် ပိတ်စဈေးနှုန်းတွေက ကျတယ်။ ဒါပေမယ့် သယ်ယူပို့ဆောင်ရာမှာ အခက်အခဲအချို့ကြောင့် သိသိသာသာ ဈေးနှုန်းတွေ ကျဆင်းမလာခြင်းဖြစ်တယ်။ အထည်ဈေးနှုန်းအနေနဲ့တော့ စပန့်သားကိုက် ၈၀ ပါ တစ်လိပ်ကို ငွေကျပ် လေးသိန်း ကျော်လောက်ရှိတယ်။ အရင်က လေးသိန်းခွဲလောက်တော့ ရှိတယ်။ဈေးကွက်ထဲမှာတော့ အရောင်းအဝယ်ကောင်းတယ်'ဟု အထည်အလိပ်ရောင်းချသူတစ်ဦးက ပြောသည်။

မန္တလေးဈေးကွက်အတွင်းတွင် အထည်အလိပ်အမျိုးအစားပေါင်းစုံ ဝင်ရောက်လျက်ရှိပြီး ဒီဇိုင်းကာလာ၊ အရည်အသွေးပေါ်မူတည်၍ ဈေးနှုန်းပြောင်းလဲမှုရှိကြောင်း၊ အထည်အလိပ်များအား အင်္ကျီ၊ အိမ်ရာခင်းနှင့် အခြားသော လူအသုံးအဆောင်ပစ္စည်းများအဖြစ် ချုပ်လုပ်ရောင်းချလျက်ရှိသည်။

အထည်အလိပ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု ကဏ္ဍတွင် အရည်အသွေးမြင့်ဝါများ ထွက်ရှိရေးအတွက် နည်းပညာများ ဖြန့်ဝေပေးနေမှု၊ ဝါစိုက်တောင်သူအစုအဖွဲ့များဖွဲ့စည်း၊ အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်ဝါမျိုးစေ့များရရှိရေး၊ စိုက်ပျိုးရေးနည်းစနစ်များနှင့် ပတ်သက်၍ အသိပညာဖြန့်ဝေခြင်း လုပ်ငန်းများအား ပိုမိုဆောင်ရွက်ပေးရေး၊ ဝါဈေးကွက်တည်ငြိမ်ရေး၊ ချည်အရည်အသွေးကောင်းမွန်ရန် မျိုးကောင်းမျိုးသန့် ဝါမျိုးစေ့များလိုအပ်မှု၊ အပင်ရှင်သန်ကြီးထွားရေးအတွက် စိုက်ပျိုးနည်းစနစ်များ၊ ရေပေးဝေရေး၊ မြေသြဇာများအား အချိန်ကိုက်ပေးနိုင်ရေး၊ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများဖွင့်လှစ်ရေး၊ ဆေးဆိုးပန်းရိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ မူပိုင်ခွင့်ရရှိရေး၊ ချေးငွေရရှိရေး ကဏ္ဍတို့ကို သက်ဆိုင်ရာက လုပ်ဆောင်ပေးစေလိုကြောင်း အထည်ချုပ်လုပ်ငန်း လုပ်ကိုင်သူများထံက သိရသည်။

လက်ရှိတွင် ပြည်တွင်း အထည်အလိပ်လုပ်ငန်းများတွင် ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့က အဓိက တင်သွင်းလျက်ရှိကြောင်း၊ ပြည်တွင်းမှထွက်ရှိသော အထည်အလိပ်များကိုလည်း ချုပ်လုပ်ကာ ပြည်ပနိုင်ငံများဖြစ်သည့် အမေရိကန်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ အီးယူ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် အခြားသော နိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-ဈ)**

*-*-*-*-*-*

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ပညာရေးအခြေခံမကောင်းပါက မိမိအတွက်သော်လည်းကောင်း၊ မိမိဘဝ၊ မိမိ မိသားစုဘဝနှင့် မိမိပတ်ဝန်းကျင်၊ တိုင်းပြည်နှင့် လူမျိုးကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ရန် မဖြစ်နိုင်...

❖ ထို့ကြောင့် အခြေခံပညာကဏ္ဍတွင် လူငယ်လူရွယ်အားလုံး၊ ကျောင်းနေရမည့်အရွယ်အားလုံး ကျောင်းနေနိုင်ရေးနှင့် ပညာကို ဆုံးခန်းတိုင် သင်ယူနိုင်ရေးသည် အလွန်အရေးကြီး ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံသြဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဆူးလေဆိပ်ကမ်းတံတားနှင့် ဝါးတန်းဆိပ်ခံတံတားရှိ သိုလှောင်ရုံများအား ကြည့်ရှုစစ်ဆေး



ရန်ကုန် နိုဝင်ဘာ ၅

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ စီမံခန့်ခွဲလျက်ရှိသည့် ဆူးလေဆိပ်ကမ်းတံတားနှင့် ဝါးတန်းဆိပ်ခံတံတားများသို့ ရောက်ရှိပြီး ကုန်တင်၊ ကုန်ချလုပ်ငန်းများနှင့် ဆိပ်ကမ်းရှိ သိုလှောင်ရုံများတွင် ကုန်ပစ္စည်းများ သိုလှောင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး နှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ဆူးလေဆိပ်ကမ်းသို့ရောက်ရှိရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အင်ဂျင်နီယာချုပ်က သိုလှောင်ရုံများ ပြုပြင်ထိန်းသိမ်းမွမ်းမံခြင်း ဆောင်ရွက်ထားရှိမှု အခြေအနေ၊ နိုင်ငံတော်နှင့် ဌာနဝင်ငွေရရှိရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ယခုအခါ ပွင့်လင်းရာသီသို့ ရောက်ရှိပြီဖြစ်၍ မြန်မာ့လယ်ယာထွက်ကုန်၊ ပို့ကုန်များ ရန်ကုန်ဆိပ်ကမ်းမှ တင်ပို့ရာတွင် ဆူးလေဆိပ်ကမ်းတံတားကို အဓိကထား သုံးစွဲကြရသည်ဖြစ်၍ ဆူးလေဆိပ်ကမ်းတံတားအနေဖြင့် ဆိပ်ကမ်း ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်မြင့်မားရေး အလေးထား ဆောင်ရွက်ကြရန်၊ ကုန်စည်များ တင်ပို့ရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံမှုရှိစေရေး အလေးထားဆောင်ရွက်ကြရန်၊ ဆိပ်ကမ်းလုပ်ငန်းသည် နိုင်ငံ့လူမှုစီးပွား စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်ဝန်ဆောင်မှုပေးသည့်လုပ်ငန်းဖြစ်ရာ ဌာနပိုင်၊ ပုဂ္ဂလိကပိုင် ဆိပ်ခံတံတားများ ကြံ့ခိုင် ကောင်းမွန်နေစေရေးအတွက်လည်း စဉ်ဆက်မပြတ် စစ်ဆေးခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ကြရန်၊ ဆိပ်ကမ်းဧရိယာအတွင်း လုံခြုံရေးနှင့် မီးဘေးလုံခြုံရေးကိုလည်း အထူးဂရုပြုဆောင်ရွက်ကြရန် လိုအပ်သည်များမှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဆူးလေဆိပ်ကမ်း အမှတ်(၁)၊ (၂)၊ (၃) တွင် ရော်ဘာ Fender တပ်ဆင်နေမှုများကို စစ်ဆေးကြည့်ရှုပြီး အရည်အသွေးကောင်းမွန်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အထူးဂရုပြုဆောင်ရွက်ကြရန်နှင့် နိုင်ငံတကာ ဆိပ်ကမ်းဖြစ်၍ နိုင်ငံခြားအလံတင်သင်္ဘောများ အန္တရာယ်ကင်းရှင်းရေး ဂရုပြု ဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လမ်းမတော် ဆိပ်ကမ်းဧရိယာသို့ ရောက်ရှိပြီး မြန်မာ့မီးရထား ဝါးတန်းကုန်ရုံရှိ သိုလှောင်ရုံများနှင့် မီးရထားလမ်းအခြေအနေများကိုလည်းကောင်း၊ ပြည်တွင်းခရီးစဉ် ရေယာဉ်များ ဆိုက်ကပ်သည့် ဆိပ်ခံဇဗောတံတားများ၊ ရန်ကုန်မြစ် တစ်ဖက်ကမ်းသို့ သွားလာသည့် သမ္ဗန်ဆိပ်များနှင့် ဆိပ်ကမ်းသိုလှောင်ရုံများသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် ပြန်လည် ထွက်ခွာသွားကြောင်း သိရသည်။

သတင်းစဉ်

## တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၅**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

ယနေ့ ဖတ်စရာအညွှန်း

ဒို့ကျ်ယော့ခ်အား နည်းပြသစ်အဖြစ် ထရီနီဒက်နှင့် တိုဘာဂိုလက်ရွေးစင်အသင်း ခန့်အပ်
စာမျက်နှာ ၁၁

တန်ဆောင်တိုင်အလွမ်း (ဆောင်းပါး)
စာမျက်နှာ ၁၇